မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်နေ့၊ ၂၀၀၆ ခုနှစ်၊ မေ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၉၄)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တစ်မြို့နယ်လျှင်တစ်ရွာကျ စံပြအဖြစ် ခြံစည်းရိုးကြက်ဆူပင် စနစ်တကျစိုက်ပျိုး
ခြံစည်းရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ်ထုတ်လုပ်၍ လက်တွေ့အသုံးချအောင်မြင်မှုများပြသ
မြေလွတ်မြေရိုင်းများ၌ ဧကထောင်သောင်းချီ တစ်ဆက်တစ်စပ်တည်းစိုက်ပျိုး

နေပြည်တော် မေ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ဗထူးတပ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့မှ ရဟတ်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ထွက်ခွာကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ခြံစည်းရိုးကြက်ဆူပျိုးပင်များ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း၌ ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး၊ အင်တာနက် သတင်း နှင့် ဓာတ်ပုံအညွှန်း

❐ သကြိန်ဟူသော ဝေါဟာရသည် 'သင်္ကြန္တ' ဟူသည့် သက္ကတစကားမှ ဆင်းသက်လာသည်ဟု ဝေါဟာရလီနတ္ထဒီပနီနှင့် ဝေါဟာရတ္ထ ပကာသနီတို့တွင် ဖော်ပြထားပေသည်။ ပညာရှင်အချို့ကမူကား 'ပါဠိစကား' 'သင်္ကန္တ' မှ ဆင်းသက်လာသည်ဟု ယူဆကြသည်။ မည်သို့ပင်ဆိုစေကာမူ အဓိပ္ပာယ်မှာ 'ကူးပြောင်းခြင်း၊ ရွေ့ပြောင်းခြင်း' ပင် ဖြစ်သည်။

ရွှေဘိုသီရိမာလာ၏
တာသင်္ကြန်ပြောင်းကူး လတန်ခူး ဆောင်းပါး(စာ-၃)

❐ သောကြာဂြိုဟ် လေ့လာရေး အာကာသယာဉ် အင်ဂျင်မီးလောင်သော်လည်း ဆင်းသက်ရန်ပြင်။

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၆)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင် အဖျက်ရန်စွယ်မှန်သမျှ ပြည်သူနှင့်လက်တွဲချေမှုန်း

မျက်မှောက်ကာလတွင် တပ်မတော်၊ အစိုးရနှင့် ပြည်သူတို့ပူးပေါင်းလက်တွဲ၍ နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်ပြီး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးတွင် စီးပွားရေးနှင့် လူမှုရေးအခြေခံ အဆောက်အအုံများကို ကွက်လပ်မကျန်ရအောင် တည်ဆောက်လျက်ရှိသည့်နည်းတူ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိနေပြီ ဖြစ်သည်။

ယခုအခါ အမျိုးသားညီလာခံကြီးကိုကျင်းပပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးအတွက် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်လျက်ရှိရာ တိုင်းရင်းသား ကိုယ်စားလှယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ရှေ့တန်းတင်ပြီး နီးနှောတိုင်ပင် ဆွေးနွေးလျက်ရှိကြသည်။

ဧပြီလ ၁၀ ရက်နေ့နံနက်ပိုင်းက ဗထူးတပ်မြို့ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပသော တပ်မတော် (ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀၉)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိန့်ခွန်းပြောကြားရာတွင်-

"ပြည်ထောင်စုကြီးကို ပြိုကွဲစေချင်တဲ့ အဖွဲ့အစည်းတွေကတော့ အကျယ်အဝန်းချင်း၊ လူဦးရေချင်း၊ စီးပွားအခွင့်အလမ်းချင်း မတူညီတဲ့ဒေသတွေကို ဖက်ဒရယ်စစ်စစ် ပြည်ထောင်စုဆိုတဲ့ ခေါင်းစဉ်တပ်ပြီး သွေးခွဲလိုကြပြန်တယ်။ ဒါဟာ အမျိုးသားရေးအကျိုးစီးပွားထက် ပါတီနိုင်ငံရေးအကျိုးစီးပွားကို ဦးစားပေးတဲ့ အတွေးအခေါ်ဖြစ်တာကြောင့် နိုင်ငံတော်အတွက် အန္တရာယ်ရှိကြောင်း ပြောကြားလိုတယ်။ အမျိုးသားညီလာခံကြီးမှာ ကိုယ်စားလှယ်ကြီးများဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ပြီး အမြော်အမြင်ကြီးမားစွာနဲ့ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်နီးနှောလျက်ရှိကြတယ်။ ယခင်က အခွင့်အရေးမရခဲ့တဲ့ လူနည်းစုမျိုးနွယ်တွေအတွက်ပင် အတတ်နိုင်ဆုံး အခွင့်အရေးတွေ ဖွင့်ပေးနေကြောင်းလဲတွေ့ရတယ်"

ဟူ၍ ပြောကြားသွားသည်။

နိုင်ငံတော်၏ သမိုင်းကြောင်း၌ ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲမည့် အန္တရာယ်နှင့် အချုပ်အခြာအာဏာ ဆုံးရှုံးမည့်အန္တရာယ်များသည် နိုင်ငံအပေါ် မကြာခဏခြိမ်းခြောက်ခဲ့ကြောင်း တွေ့ရသည်။ ယင်းအန္တရာယ်များနှင့် ကြုံတွေ့ရတိုင်း ပြည်သူနှင့် တပ်မတော်လက်တွဲပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ဒို့တာဝန်အရေးသုံးပါးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးမှာ ဗဟိုချက်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲသည်နှင့် ပြည်ထောင်စုပြိုကွဲမည်ဖြစ်ပြီး ပြည်ထောင်စုပြိုကွဲသွားသည်နှင့် တစ်ပြိုင်နက် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းပဝေသဏီကပင် တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်တို့သည် အေးအတူပူအမျှ စည်းစည်းလုံးလုံးနေထိုင်ခဲ့ကြသည်။ ထို့ကြောင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဟူသည် ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်အပေါ်တွင် အခြေတည်ပေသည်။

တပ်မတော်သည် မျိုးချစ်တပ်မတော်ဖြစ်သည်။ မျိုးချစ်တပ်မတော်သားများသည် မည်သည့်အခွင့်အရေးတစ်စုံတစ်ရာမျှ မရသည့်တိုင် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် စွန့်လွှတ်စွန့်စားရန် အမြဲတမ်းအသင့်ရှိသည်။ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားသောကြောင့်လည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် စွန့်လွှတ်စွန့်စားနိုင်ကြသည်။ ထို့အပြင် စည်းကမ်းကောင်းမွန်ခြင်း၊ အမိန့်နာခံတတ်ခြင်းနှင့် ရဲဘော်စိတ်ရှိခြင်းတို့ကြောင့် တပ်မတော်၏ စည်းလုံးညီညွတ်မှုသည် ခိုင်မာခဲ့ခြင်းဖြစ်သည်။ ထို့အတူပင် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏ ဟူသည့် သစ္စာတရားကြောင့်လည်း မြင့်မြတ်သည့် တပ်မတော်အဖြစ် အစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မွန်မြတ်သည့်တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်ကို ဆက်လက်သယ်ပိုးသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သားများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ဦးထိပ်ပန်ဆင်လျက် တာဝန်ကျရာဒေသ၌ တွေ့ကြုံရသည့် ပြည်သူများနှင့် တစ်သားတည်း နေထိုင်ပြီး အဖျက်ရန်စွယ်မှန်သမျှကို ပြည်သူနှင့် လက်တွဲချေမှုန်းရင်း နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသော သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းသွားကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၂-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၅ ၈။ ခါသင့်ကြိန်အဆိုအကများ
- ၇:၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၀ ၅။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၇။ ခါသင့်ကြိန်အဆိုအကများ
- ၄:၄၀ ၈။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၉။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၀၀ ၁၀။ ရင်ခုန်စီဆင်းအချစ်သီချင်း
- ၅:၂၀ ၁၁။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၃၀ ၁၂။ ခါသင့်ကြိန်အဆိုအကများ
- ၅:၄၅ ၁၃။ သာယာသီကြွေးခတ်ဆန်းတေး
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၅။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၆။ မိုးလေဝသသတင်း
- ၆:၂၅ ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၈။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနှင့် အိမ်ကလေး"** (အပိုင်း-၁၅)
- ၈:၀၀ ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၂။ English Usage
- ၂၃။ ဗီစီဒီကျော်ကြားတေးများ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၂၀)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရမည်းသင်းမြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ ဝန်ကြီးဗိုလ်ချုပ်မောင်ဦးတွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဧပြီ ၁၁

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သိန်း၊ ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့်၊ မန္တလေးတိုင်းထောင်အုပ်စု ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့ လိုက်ပါလျက် မန္တလေးမှပျဉ်းမနားသို့ ထွက်ခွာလာခဲ့ရာ ဧပြီ ၆ ရက် မွန်းလွဲ ၂ နာရီတွင် မိတ္ထီလာဆည့်ရိပ်သာသို့ ရောက်ရှိပြီး မိတ္ထီလာဆည့်ရိပ်သာ၌ ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား စည်းလုံးညီညွတ်စွာပူးပေါင်း ဆောင်ရွက်သွားရေး၊ ၁၀ မျိုး၊ ၁၀ ပါ ဘူးတစ်စင်မဖြစ်မနေ မိသားစုအလိုက် စိုက်ပျိုးသွားရေး၊ ကြက်ဆူပင်များကို မိသားစုတစ်စုလျှင် တစ်ဧက စိုက်ပျိုးရေး၊ ဌာနအလိုက် စိုက်ပျိုးမြေများ ရှာဖွေပြီး နှစ်တိုနှစ်ရှည် စိုက်ပျိုးပင်များ စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမှ ပြန်လည်ထွက်ခွာလာခဲ့ရာ ရမည်းသင်းမြို့ အမှတ်(၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းသို့ ညနေပိုင်းတွင်ရောက်ရှိရာ အမှတ်(၁) ရဲလေ့ကျင့်ရေး သင်တန်းကျောင်းခန်းမ၌ ရမည်းသင်းမြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ရမည်းသင်းဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း မိမိတို့၏ဒေသကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့မြို့နယ်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့် လှစ် သော အမျိုးသား ယဉ်ကျေးမှုနှင့်စာရိတ္တပညာ သင်တန်းဆင်း ပွဲ အ ခမ်းအနားကို ဧပြီ ၁၀ ရက်ကအမှတ်(၄) ရပ်ကွက်၊ အမက (၂၂)ကျောင်းတွင်ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးမြင့်က ထူးချွန်ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ပြာသာဒ်ကျောင်းပရိယတ္တိစာသင်တိုက် သင်္ကြန်တွင်း တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၁

ဒေါပုံမြို့နယ် ဆေးစက် ပုသိမ်မြေ ရပ်ကွက် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက် မြတ်သီတာ သိမ်တော်ကြီးတွင် ပြာသာဒ်ကျောင်း ပဓာနနာယက ဆရာတော်၏ ဩဝါဒခံယူလျက် ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆နာရီခွဲအထိ အနာဂါမ်ဆရာ သက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ (မဟာသဒ္ဓမ္မဇောတိကဓဇ)ဆရာကြီး ဦးသန်းရွှေ (ဒလ-အုံကြီး)၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ တရားဟောကြား ပြသမည်ဖြစ်ပါ၍ တရားစခန်းဝင် လိုသူများ ဖုန်း-၅၅၇၅၅၉သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တာသင်္ကြန်ပြောင်းကူး လတန်ခူး

ရွှေဘိုသီရိမာလာ

"ထပ်ထပ်သာစောတော့တယ်၊ မြကြောငယ်ရစ်သီ၊ ကိုက်ဖူးငယ်စီသည်၊ ပွင့်သီဂီရွှေရင်ခတ်ကယ်တို့၊ ရှစ်ရပ်ကယ်နယ်တစ်ခိုက၊ စိုလှတယ်လေး။ နွေခါမီရာသီမိသ၊ ဂိမှာနမို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊ စမွယ်ကွန့်ကာ၊ တိမ်ဖွေချာလျှင်၊ ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊ နှစ်ဆန်းငယ် သင်္ကြန်၊ သစ်သစ်သာ ဖန်တော့တယ်၊ နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူတာ ရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး။"

(မဟာအတုလမင်းကြီး၏ တန်ခူးလဖွဲ့)

အတာသင်္ကြန်ဆိုသည်မှာ မြန်မာပြက္ခဒိန်အရ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသော အချိန်အခါဖြစ်သည်။ နှစ်ဟောင်း၏ အညစ်အကြေးများကို သန့်စင်ဆေးကြော၍ နှစ်သစ်ကိုပျော်ရွှင်စွာ ကြိုဆိုသည့် အထိမ်းအမှတ်အဖြစ် တစ်ဦးနှင့်တစ်ဦး ရေစင်ရေမွှေး ပက်ဖျန်းလေ့ရှိကြသည်။ ယင်းသို့ရေပက်ကစားသည့် ပွဲတော်ကို သင်္ကြန်ပွဲတော်ဟု ခေါ်ကြသည်။

တစ်နှစ်တာပတ်လုံး လုပ်ရှားခဲ့ရသမျှ အနားယူပျော်ရွှင်ရသော အချိန်သည် ခါသင်္ကြန်ဟု ဆိုချင်ပါသည်။

ခါသင်္ကြန်တွင် လူကြီးလူငယ်မရွေး ပျော်ရွှင်စွာ ရေပက်ကစားခြင်းဖြင့် နှစ်သစ်အတွက် ပေါ့ပါးရွှင်လန်းစွာ အားသစ်များ မွေးမြူပေး လိုက်သလို ခံစားရသည်။ လူတိုင်းပျော်သည်၊ ကြီးငယ်မဟူ ရွှင်လန်း ကြသည်။ ဤလကိုလူတိုင်းကြိုဆိုကြပါသည်။

တန်ခူးလသည် မြန်မာလများ၏ ပထမဆုံးလဖြစ်သည်။ နွေရာသီကျရောက်သဖြင့် ပူပြင်းခြောက်သွေ့သည်။ 'တန်ခူးရေကုန် ကဆုန်ရေခန်း' ဆိုသည်နှင့်အညီ အင်းအိုင်ချောင်းမြောင်းများ ရေခန်းခြောက်စပြုလာသည်။ မြန်မာတို့သည် နွေရာသီကိုဆန့်ကျင်၍ ရေပက် ကစားသည့် နှစ်သစ်ကူးပွဲတော်ကို ကျင်းပကြသည်။

တန်ခူးလသည် ပူပြင်းသော လတစ်လဖြစ်သော်လည်း လွမ်းဆွတ်ဖွယ်၊ ဆွေးမြေ့ဖွယ်သဘာဝရှိသည်။ သစ်ရွက်များသည် ပူပြင်းသော နေပူအရှိန်ကြောင့် မြစိမ်းရောင်မှ ရွှေဝါရောင်သို့ ပြောင်းလျှောချိန်၊ တောင်လေရူးကလည်း 'ရွှေတန်ခူး လေရူးဆော့ဆော့' ဟု ဖွဲ့ဆိုရလောက် အောင် ကလူဆော့ကစားနေချိန်ဖြစ်သည်။ 'နေကိုဦးခိုက် လေများတိုက်' ဟူ၍လည်း အဆိုရှိသည်။ အပူရှိန်ပြင်းထန်လာပြီ ဖြစ်သော်လည်း တန်ခူးလမှာ မိုးနှင့်မကင်းသေးပါချေ။ နှစ်သစ်ကူး သင်္ကြန်ကာလ ဝန်းကျင်တွင် 'သင်္ကြန်လက်ဆေးမိုး'၊ 'တန်ခူးမိုးဦး'စသော မိုးများ ရွာသွန်းတတ်သည်။ ထိုအခါ ခြောက်သယောင်းနေသော မြေပြင်သည် မိုးရေကြောင့် မြေသင်းနံ့လေးများဖြင့် သင်းပျံ့လာသည်။ သင်္ကြန်မိုးသည် တောတောင်အဝန်း မြေပြင်များတွင်ပျံ့လွင့်နေသော သစ်ရွက်ခြောက်များကို တိုက်တိုးသယ်ဆောင်သွားသည့်အတွက် 'တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး'ဟု ခေါ်စမှတ်ပြုကြသည်။ သင်္ကြန်မိုး ရွာလိုက်သောအခါ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ကိုင်း သစ်ခက်များသည် ရွက်နုရွက်သစ်ကလေးများဖြင့် ဝေဆာလာကြသည်။

စာဆိုတော် ရှင်အဂ္ဂသမာဓိက ဘုံခန်းပျို့တွင် "ခါလည်လုလု၊ ရတုသစ်သစ်၊ သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍၊ ရွက်ကျောနုလှန်၊ ရွက်သစ်ပြန်တည့်၊ ပန်းမာလာငုံကင်း၊ သုတ်လေညှင်းနှင့် မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး၊ မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည်၊ ပဇ္ဇုန်ရိုက်မြည်း ချုန်းချုန်းတည်း" ဟူ၍ မြေသင်းနံ့ကို တင်စား၍ ဖွဲ့ဆိုခဲ့လေသည်။ တန်ခူးလသည် မြန်မာမှုအရ မိဿရာသီခေါ်၍ ထိုလ၏ စန်းပြည့်နက္ခတ်မှာ စိတြနက္ခတ် ဖြစ်သည်။ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်၍ ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်သည်။ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ ပိတောက်ပန်း၊ ရင်ခတ်ပန်း၊ သရဖီပန်းစသည်တို့ဖြစ်၍ ရာသီပွဲမှာ အတာနှစ်သစ်ကူး သင်္ကြန် ရေသဘင်ပွဲတော်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် နှစ်သစ်ကူးပွဲတော်များ ခမ်းခမ်းနားနား ကျင်းပသော ဓလေ့ထုံးစံများရှိသည်။ နှစ်သစ်ကူးပွဲတော်ကို အမြတ်တနိုး ကျင်းပကြသည်။ နှစ်သစ်ကိုကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်သစ်ကူး အခါသဘင်ကို 'သင်္ကြန်'ဟု ခေါ်ကြသည်။ သင်္ကြန်ဟူသော ဝေါဟာရ သည် 'သင်္ကြန္တ'ဟူသည့် သက္ကတစကားမှ ဆင်းသက်လာသည်ဟု ဝေါဟာရလီနတ္ထဒီပနီနှင့် ဝေါဟာရတ္ထ ပကာသနီ တို့တွင် ဖော်ပြထားပေသည်။ ပညာရှင်အချို့မူကား 'ပါဠိစကား' 'သင်္ကန္တ'မှ ဆင်းသက်လာသည်ဟု ယူဆကြသည်။ မည်သို့ပင် ဆိုစေကာမူ အဓိပ္ပာယ်မှာ 'ကူးပြောင်းခြင်း၊ ရွေ့ပြောင်းခြင်း'ပင်ဖြစ်သည်။

သင်္ကြန်ပွဲတော်တွင် နှစ်ဟောင်းမှအညစ်အကြေးများကို သီတာရေဖြင့် ဆေးကြောသန့်စင်ကာ နှစ်သစ်တွင် လူသစ်စိတ်သစ် ဘဝခရီးသစ်ဖြင့် စတင်လိုသော ရည်ရွယ်ချက်ထားရှိပြီး တစ်ဦးနှင့်တစ်ဦး ရေပက်ကစား ကြသည်။ ရေသဘင်ပွဲတော်တွင် များသောအားဖြင့် သင်္ကြန်အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့နှင့် နှစ်ဆန်းတစ်ရက်နေ့ဟူ၍ ရှိလေသည်။ သင်္ကြန်အကြိုနေ့တွင် ကြာဆံဟင်းခါး၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေးစသည်တို့ဖြင့် ဧည့်ခံကျွေးမွေးအလှူဒါန ပြုကြသည်။ သင်္ကြန် အကြိုနေ့တွင် ရေပက်ခံမဏ္ဍပ်များနှင့် ရေသဘင် အကမဏ္ဍပ်များ စတင်ဖွင့်လှစ်ကြသည်။

သင်္ကြန်ပွဲတော်တွင် သက်ကြီး ရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ခြေသည်းလက်သည်းလှီးဖြတ်ပေးခြင်းမျိုးဖြင့် ကုသိုလ်ကောင်းမှု ပြုကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို ကင်းစင်လိုသည့် စိတ်ထားအရင်းခံရှိကြသည်။ ကျွဲ၊ နွား၊ ငါးများကို ဘေးမဲ့လွှတ်ခြင်းဖြင့်လည်း ဇီဝိတဒါန ပြုကြသည်။ သင်္ကြန်ချိန်ခါတွင် ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်ကပ်လှူခြင်း၊ စတုဒိသာ ကျွေးမွေးခြင်း၊ စေတီပုထိုးများ ထုံးသင်္ကန်းများ ကပ်လှူခြင်း၊ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ် တို့ကို သန့်ရှင်းခြင်း၊ ရေတွင်းရေကန်တူးဖော်ခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်းများ ပြုလုပ်ကြသည်။

ထို့ကြောင့် ဆရာဇော်ဂျီက သူမြင်တွေ့ခဲ့ရသော တစ်ခုသော ရေသဘင် အကြောင်းကို 'တစ်ခုသော သင်္ကြန်အခါ'ကဗျာတွင် "နှစ်သစ် ကူးတဲ့ တန်ခူးခါမှာ၊ ဒါနကတဝေဝေ၊ ရေတွေကတရွဲရွဲ၊ ပျော်ပွဲက တဝင့်ဝင့်၊ ကဲလို့သာဆင့်ရော၊ အရွယ်သင့် အရွယ်ငယ်၊ မြန်မာတွေ ထည်လိုက်ကြ။ ဘယ်မြေဟာစေတီပေါ်မလဲ၊ ဘယ်ပြေဟာ အပျော် ကျောမယ်တဲ့၊ စိတ်ဓာမြန်မာမှာဖြင့် သံသရာဂရုထားသူမို့၊ ပါးလိုက်ကြပျော်ပျော်သာ၊ အခါကနှစ်ဆန်း"ဟု ဖွဲ့ဆိုခဲ့လေသည်။

အချို့က သင်္ကြန်ဟူသည် မြန်မာစကားသက်သက် ဖြစ်သည်ဟုလည်း ယူဆကြသည်။ ထိုပညာရှင်များက 'ခေါင်းဆေးသင်္ကြန်၊ ကျောင်းညွှန့်လှန်၊ မကျန်စေ့စုံစွာ'ဟူသော ကဝိလက္ခဏာသတ်ပုံလင်္ကာနှင့်အညီ ကောင်းကျိုးမင်္ဂလာ ကြန်အင်လက္ခဏာတို့ တိုးပွားလာရန် သုတ်သင်ဆေးကြောခြင်း (ဝါ) ခေါင်းဆေးမင်္ဂလာပြုခြင်းကိုပင် သင်္ကြန်ဟု ခေါ်ကြောင်း ရေးသားကြသည်။ ပတိတ္ထာကနိပါတ်ဒသဗြာဟ္မဏဇာတ်၌ ဘုရင်မင်းများ ခေါင်းဆေးမင်္ဂလာပြုကြောင်း(ဝါ)သင်္ကြန်တော်ခေါ်ကြောင်း ဖော်ပြထားသဖြင့် ရှေးမင်းဧကရာဇ်တို့ သင်္ကြန်တော်ခေါ်ထုံးအစဉ် အလာရှိကြောင်း ထင်ရှားပေသည်။ သရေခေတ္တရာနှင့် ပုဂံခေတ်များတွင် အခြားလများတွင် သင်္ကြန်ကျသောနှစ်များရှိဖူးသည်ဟု ဆိုပါသည်။

သင်္ကြန်ပွဲတော်တွင် သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်ပေးခြင်းမျိုးဖြင့် ကုသိုလ်ကောင်းမှုပြုကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို ကင်းစင်လိုသည့် စိတ်ထားအရင်းခံရှိကြသည်။ ကျွဲ၊ နွား၊ ငါးများကို ဘေးမဲ့လွှတ်ခြင်းဖြင့်လည်း ဇီဝိတဒါန ပြုကြသည်။

သင်္ကြန်တွင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားသော ဓလေ့သည် ရှေးပဝေသဏီကပင်ရှိခဲ့သည်။ ကောလိယပြည်နှင့် ကပိလဝတ်ပြည်ကြားတွင် ဒေဝဒဟအမည်ဖြင့် နတ်ရေကန်ကြီးရှိသည်။ ထိုနတ်ရေကန်သို့ ဖော်ပြပါနှစ်ပြည်ထောင်မှ မင်းသားမင်းသမီးတို့သည် လာရောက်ရေပက်ကစားရင်း တစ်ဦးကို တစ်ဦး ရင်းနှီးခင်မင်သွားကြလေသည်။ ရှေးထုံးစဉ်လာ တာသင်္ကြန်ဆင်နွဲပုံမှာ သန့်စင်အေးမြသော ရေဖြင့် အချင်းချင်းပက်ဖျန်း ပျော်ရွှင်ကြသည်။ မိန်းမပျိုလေးများကို အမွှေးနံ့သာရည်ဖြင့်ပက်လိုလျှင် မိဘထံ ခွင့်ပန်ပြီး သပြေခက်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပက်ကြသည်။ ချစ်စရာ မြန်မာတို့ ဓလေ့ပင်တည်း။

နှစ်သစ်မင်္ဂလာတွင် အမျက်ဒေါသတို့ကို ပယ်ရှား၍ ချစ်ခင်ရင်းနှီးကြစေရန်၊ ကိုယ်စိတ်နှလုံးရွှင်လန်းစေရန် ရေပက်ကစားကြသည်။ ချစ်ခင်စေရန် ရေပက်ကစားသော်လည်း အကျိုးစားသန်က ရန်ဖြစ်တတ်သည်။ ပုဂံရာဇဝင်တွင် နရသီဟပတေ့ဘုရင်နှင့် မိဖုရားစောလုံတို့၏ ဇာတ်လမ်းက ထင်ရှားစွာ သတိပေးထားလေသည်။

ယနေ့ခေတ်တွင်မူ ယဉ်ကျေးသော၊ သိမ်မွေ့သော၊ ဦးတည်ချက် မှန်ကန်သော အတာသင်္ကြန်ပွဲတော်အဖြစ်သို့ စံတင်နိုင်ရန် ထိန်းသိမ်းထားနိုင်ပြီဖြစ်သဖြင့် ခါသင်္ကြန်ပွဲတော်ကို ပီတောက်နှင့်အတူ ကြိုဆိုလိုက်ရပါသည်။ ။

မြန်မာ့အလင်း နိုင် ငံ တ ကာ သ တင်း များ

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တပရာဒေ့ရှ်ပြည်နယ် မီရတ်ဒေသတွင် ကျင်းပသည့် လူသုံးကုန် လျှပ်စစ်ပစ္စည်းများ ကုန်စည်ပြပွဲ၌ မီးလောင်မှုဖြစ်ပွားနေသည်ကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။ (ယင်းကဲ့သို့ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံး လူ၄၅ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)



ရှန်ကြိုး(၇)အာကာသယာဉ်လွှတ်တင်ရေး ဒုံးပျံ အစိတ်အပိုင်းများ စတင်တပ်ဆင်

ပေကျင်း ဧပြီ ၁၁

တရုတ်နိုင်ငံသည် ၂၀၀၈ခုနှစ်တွင် အာကာသယာဉ် ရှန်ကြိုး(၇) လွှတ်တင်နိုင်ရေးအတွက် သယ်ဆောင်ရေးဒုံးပျံကို စတင်ဆောက်လုပ်လျက်ရှိကြောင်း အဆင့်မြင့် ထုတ်လုပ်ရေးအရာရှိတစ်ဦးက ကြေညာသည်။

သယ်ဆောင်ရေး ဒုံးပျံအစိတ်အပိုင်းများ ရှာဖွေမှုနှင့် ထုတ်လုပ်မှုများမှာ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တရုတ်အာကာသဆိုင်ရာ ဆောင်ရွက်ရေးအစီအစဉ်မှ ယာဉ်လွှတ်တင်ရေးစနစ်ဆိုင်ရာ ပုံစံရေးဆွဲသူအကြီးအကဲ ကျင်မူချန်က ရပ်မြင်သံကြား ဗဟိုဌာနသို့ ပြောကြားသည်။

တိုးမြှင့်ဆောင်ရွက်

သယ်ဆောင်ရေး ဒုံးပျံအတွက် အရည်အသွေးပိုမိုကောင်းသည့် အစိတ်အပိုင်းများကိုအသုံးပြုမည်ဖြစ်ကြောင်း၊ သိပ္ပံပညာရှင်များသည် စိတ်ချရမှုရှိစေရေးအတွက်လည်း အပိုင်းလိုက် တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာ ကျင်က ပြောကြားသည်။

ပြောကြား

အစီအစဉ်နှင့်ပတ်သက်၍ ကင်မရာများ ပိုမိုတပ်ဆင်သွားရန်လည်းစဉ်းစားထားကြောင်း၎င်းတို့ကပြောကြားသည်။

လမ်းလျှောက်ကြမည်

အာကာသ ဆောင်ရွက်ရေးအစီအစဉ်အရ တရုတ်အာကာသယာဉ်မှူးများသည် အာကာသအတွင်း လမ်းလျှောက်ကြမည် ဖြစ်သည်။

သွားရောက်ခဲ့

တရုတ်အာကာသယာဉ်မှူးနှစ်ဦးသည် လွန်ခဲ့သည့် အောက်တိုဘာလက ငါးရက်ကြာ အာကာသခရီးသွားရောက်ခဲ့ကြပြီး ဖြစ်သည်။

တတိယမြောက်နိုင်ငံ

တရုတ်နိုင်ငံ၏ပထမဆုံးအာကာသယာဉ်မှူးဖြစ်သူ ယန်လီဝေသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလက ရှန်ကြိုး(၅)ဖြင့် ၂၁နာရီကြာ အာကာသခရီးသွားရောက်ခဲ့ခြင်းဖြင့် တရုတ်နိုင်ငံသည် အာကာသအတွင်း လူလိုက်ပါသည့် အာကာသယာဉ်လွှတ်တင်မှုတွင် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားဖက်ဒရေးရှင်းပြီးလျှင် တတိယမြောက်နိုင်ငံ ဖြစ်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ပနားမားတူးမြောင်းအတွင်း၌ ကုန်တင်သင်္ဘောတစ်စင်း ဖြတ်သန်းခုတ်မောင်းနေစဉ်။

ပနားမားတူးမြောင်း ပြန်လည်ပြုပြင်မည်

ပနားမား ဧပြီ ၁၁

နှစ်၁၀၀နီးပါးရှိလာသော ပနားမားတူးမြောင်းသည် နိုင်ငံတကာ သင်္ဘောများ ဝင်ထွက်သွားလာရာ အဓိကတူးမြောင်းဖြစ်လာပြီး နှစ်စဉ်ကမ္ဘာ့ကုန်သွယ်ရေး၏ ငါးရာခိုင်နှုန်းကိုကိုင်တွယ်ဖြေရှင်းနေကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖွံ့ဖြိုးတိုးတက်

တရုတ်နှင့်အိန္ဒိယကဲ့သို့သော နိုင်ငံများသည် မကြာသေးသည့်နှစ်များက စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ ကမ္ဘာတစ်ဝန်းမှသင်္ဘောများ ဝင်ထွက်သွားလာနေမှုကြောင့် ပနားမားတူးမြောင်းကြီးမှာ ပြည့်လုနီးပါးဖြစ်နေသည်။

ယင်းကဲ့သို့သော အခြေအနေများကြောင့် ပနားမားတူးမြောင်းအာဏာပိုင်အဖွဲ့က အဓိကရေလမ်းကြောင်းကို ပြုပြင်ရန် ဆုံးဖြတ်ထားသည်။ ယင်းအဖွဲ့က ပနားမားတူးမြောင်းကို တိုးချဲ့မည်ဖြစ်ရာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ပြုပြင်ရန်အတွက် ကုန်ကျစရိတ် ဒေါ်လာ ၇ဒသမ၅ဘီလီယံ ခန့်မှန်းထားသည်။

ဝင်ထွက်သွားလာနိုင်

ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာကို ဆက်သွယ်ပေးထားသည့် အဆိုပါတူးမြောင်း၏အစွန်း နှစ်ဖက်ကို အဖွင့်အပိတ်တံခါးနှစ်ခုအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း၊ ယခင်ကသွားလာရန် ခက်ခဲသည့် ကုန်သေတ္တာသင်္ဘောကြီးများနှင့် ဆီတင်သင်္ဘောများကဲ့သို့သော သင်္ဘောများကိုလည်း အလွယ်တကူ ဝင်ထွက်သွားလာနိုင်ရန် ပြုပြင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ပနားမားတူးမြောင်းပြုပြင်ရန်အတွက် အလုပ်သမား ၈၀၀၀ လိုအပ်မည်ဖြစ်ပြီး ခုနစ်နှစ်ကြာနိုင်မည်ဟု ဆိုသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံအရှေ့တောင်ပိုင်း တန်နက်စီမြို့တွင် လေဆင်နှာမောင်းတိုက်ခတ်ပြီးနောက် ကားများပျက်စီးနေသည်ကို တွေ့ရစဉ်။



တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂန်စုပြည်နယ်ရှိ လမ်းမပေါ်တွင် မီနီဘတ်စ်ကားနှင့် ကုန်ကားတစ်စီးတို့ တိုက်မိနေသည်ကို ဧပြီ ၁၀ ရက်က တွေ့ရစဉ်။ (ယင်းယာဉ်တိုက်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၂၄ ဦး သေဆုံးကာ အခြားသူများ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်အရှေ့တောင်ပိုင်း၌ လေဆင်နှာမောင်းတိုက်ခတ်

နယူးယောက် ဧပြီ ၁၁

အမေရိကန်နိုင်ငံအရှေ့တောင်ဘက်ရှိ တန်နက်စီမြို့တွင် ဧပြီ ၈ရက် စနေနေ့က အင်အားပြင်းထန်သော လေဆင်နှာမောင်းတစ်ခုတိုက်ခတ်သွားရာ ၎င်းမြို့ရှိ တိုယိုတာမော်တော်ယာဉ်စက်ရုံလည်း လုပ်ငန်းထိခိုက်မှု ဖြစ်ပေါ်ခဲ့ရသည်။

ပျက်စီးသွား

အဆိုပါလေဆင်နှာမောင်း တိုက်ခက်မှုကြောင့် တိုယိုတာမော်တော်ယာဉ်ရောင်းချသည့် အဆောက်အအုံမှာလည်း ပျက်စီးသွားခဲ့ပြီး မော်တော်ယာဉ်များလည်း ပျက်စီးသွားခဲ့ရသည်။

ယခုကဲ့သို့ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုလည်း ရှိခဲ့ကြောင်း၊ သေဆုံးသူဦးရေမှာ ၁၂ဦး အထိရှိပြီဖြစ်ကြောင်း သိရသည်။ ယခုတိုက်ခတ်သည့် လေဆင်နှာမောင်းသည် သီတင်းတစ်ပတ်အတွင်း နှစ်ကြိမ်ဝင်ရောက်တိုက်ခတ်သည့် လေဆင်နှာမောင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကန်သံအမတ်ကြီးအားနှင်ထုတ်မည်ဟု ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ် ပြောကြား

ကာရာကတ် ဧပြီ ၁၁

ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဝီလျံဘရောင်းဖီးသည် မိမိနိုင်ငံအတွင်း တင်းမာဆူပူအောင် လှုံ့ဆော်ပေးနေသည်ဟု စွပ်စွဲပြီးနောက် တိုင်းပြည်မှနှင်ထုတ်မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဧပြီ ၅ရက်တွင် ပြောကြားလိုက်သည်။

အမေရိကန် သံအမတ်ကြီး ဘရောင်းဖီး၏လုပ်ရပ်ကြောင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ပိုမိုတင်းမာလာနိုင်ကြောင်း သမ္မတ ဟူဂိုချာဗက်ဇ်က သတိပေးလိုက်သည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်

သတိပေး

ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်အား ထောက်ခံသည့် ဆန္ဒပြသမားများက အမေရိကန်သံအမတ်ကြီး၏ မော်တော်ယာဉ်ကို ဘဲဥများ၊ ခရမ်းချဉ်သီးများဖြင့် ပေါက်ပြီး အမေရိကန်နိုင်ငံခြားရေးဌာနက အမေရိကန်သံတမန်ကို မကာကွယ်လျှင် နောက်ဆက်တွဲ ဆိုးကျိုးများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဗင်နီဇွဲလားနိုင်ငံအား သတိပေးပြီး နှစ်ရက်အကြာတွင် ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က အထက်ပါအတိုင်း သတိပေးလိုက်ခြင်းဖြစ်သည်။

နှင်ထုတ်ပစ်မည်

သောကြာနေ့က ကန့်ကွက်ဆန္ဒပြမှုဖြစ်ပွားအောင် အမေရိကန်သံအမတ်ကြီး ဝီလျံဘရောင်းဖီးက လှုံ့ဆော်ကြောင်း သမ္မတချာဗက်ဇ်က ပြောကြားလိုက်ပြီး နောက်ထပ်ထိုသို့လုပ်ဆောင်လျှင် မသင့်လျော်သူအဖြစ်ကြေညာပြီး တိုင်းပြည်မှ နှင်ထုတ်ပစ်မည်ဖြစ်ကြောင်း သတိပေးလိုက်သည်။ ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်သည် ကျူးဘားအစိုးရ၊ အီရန်အစိုးရများနှင့် ရင်းနှီးသည့်အတွက် ဗင်နီဇွဲလားနှင့် အမေရိကန်အစိုးရတို့ အကြီးအကျယ် ပဋိပက္ခဖြစ်နေသည် စသဖြင့် ရိုက်တာက ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

သြစတြေးလျမြောက်ပိုင်း မြို့တစ်မြို့ ရေကြီး မိကျောင်းများရောက်လာ၍ မြို့နေ ပြည်သူများ ထိတ်လန့်နေ

ဆစ်ဒနီ ဧပြီ ၁၁

သြစတြေးလျနိုင်ငံမြောက်ပိုင်း ကက်သရင်းမြို့၌ ရေလွှမ်းမိုးနစ်မြုပ်ခဲ့သဖြင့် အရေးပေါ်အခြေအနေ ကြေညာထားရပြီး မိကျောင်းများ အကိုက်ခံရမည်ကို စိုးရိမ်ထိတ်လန့်နေကြကြောင်း အင်တာနက်သတင်း တစ်ပုဒ်တွင် ဧပြီ ၉ ရက်က ဖော်ပြသည်။ အဆိုပါမြို့၏ လေးပုံတစ်ပုံကို ရေလွှမ်းထားရာနေအိမ်ခေါင်မိုးများ နစ်မြုပ်နေကြောင်း၊ ယင်းဒေသတွင် လူ ၁၀၀၀၀ ခန့်နေထိုင်လျက်ရှိပြီး လူ ၆၀၀ခန့်မှာ ကျောင်းနှစ်ကျောင်းသို့ထွက်ပြေးကြရကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

မိကျောင်းရန်ကို ကြောက်သဖြင့် လူအများအပြားမြို့တွင်းသို့ တဖြည်းဖြည်း ပြောင်းလာကြကြောင်း၊ ယင်းဒေသသည် မိကျောင်းများကျက်စားရာဒေသဖြစ်ကြောင်းသိရသည်။ မိကျောင်းအကိုက်ခံရသည့် ယောက်ျားလေးသုံးဦးအနက်မှ တစ်ဦးကို သစ်ပင်တစ်ပင်ပေါ်တွင် တက်၍ ကယ်ဆယ်ခဲ့ရာဆေးကုသပေးနေရကြောင်း သတင်းတွင် ဖော်ပြသည်။

ထိုကဲ့သို့ အခြေအနေများကြောင့် အဆိုပါဒေသ၌ အနည်းဆုံးနှစ်ရက်ခန့် အရေးပေါ်အခြေအနေကြေညာထားရကြောင်း မြောက်ပိုင်းဒေသရဲဝန်ကြီးပေါလ်ဟင်ဒါဆင်ကပြောကြားသည်။ ကက်သရင်းမြစ်ရေသည် ယခုရက်ပိုင်းအတွင်း မုတ်သုံမိုးများ အဆက်မပြတ် ရွာသွန်းခဲ့သဖြင့် အမြင့်ပေ ၆၂ ပေအထိ မြင့်တက်လာသည်။ **(အင်တာနက်)**



တောင်ကိုရီးယား၊ အိန္ဒိယနှင့် သီရိလင်္ကာ ရေကြောင်းကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်

ဆိုးလ် ဧပြီ ၁၁

တောင်ကိုရီးယား၊ အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့သည် မကြာမီက ရေကြောင်းကုန်သွယ်ရေး ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရေး သဘောတူညီမှုတစ်ရပ် ရရှိခဲ့ပြီးနောက်ပိုင်း ရေကြောင်းကုန်သွယ်မှုများ တိုးမြှင့် ပြုလုပ်လာခဲ့သည်။

တောင်ကိုရီးယားသင်္ဘောတစ်စင်း ကုန်သေတ္တာများ တင်ဆောင်လာစဉ်။(ဓာတ်ပုံ–အင်တာနက်)

လက်မှတ်ရေးထိုး

ယခုအခါ အဆိုပါ သုံးနိုင်ငံအပြင် အာရှဒေသမှ အခြား ၁၁နိုင်ငံမှလည်း ရေကြောင်းကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ကြရေးသဘောတူ လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။

အကောင်အထည်ဖော်

စင်ကာပူနိုင်ငံကလည်း ၎င်းစာချုပ်တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ပြီး အာရှဒေသရေကြောင်းကုန်သွယ်ရေး ပူးပေါင်းလုပ်ဆောင်မှု တိုးချဲ့ရန် သဘောတူညီခဲ့သည်။ ယခုအခါ အဖွဲ့ဝင်နိုင်ငံများ၏ ပို့ကုန်ပစ္စည်းများကို ရေကြောင်းမှ ပိုမိုသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်သည်။

ထူထောင်ထားရှိ

စင်ကာပူနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံများ၏ ရေကြောင်းကုန်သွယ်ရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ထုတ်ပြန်ရေးဌာနတစ်ခုကို ထူထောင်ထားရှိသွားရန်လည်း သဘောတူညီခဲ့သည်။

(အင်တာနက်)

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

ကမ္ဘာ့အကြီးဆုံး စက်ဘီး

ကမ္ဘာ့အကြီးဆုံး စက်ဘီးကြီးကို လက်တွေ့ စီးနင်းပြသနေစဉ်။

(အပေါ်ပုံ)

ဂျာမနီနိုင်ငံ ကိုလ်ပင်မြို့ရှိ ဒီဒီဆမ်ဖ်ဆိုသူ အမျိုးသားတစ်ဦးက တီထွင်ပြုလုပ်လိုက်သော စက်ဘီးကြီးဖြစ်ပြီး အရှည် ၇ဒသမ ၈မီတာရှိကာ အမြင့် ၃ဒသမ ၇မီတာရှိကြောင်း သိရသည်။ ၎င်းစက်ဘီးသည် ကမ္ဘာ့အကြီးမားဆုံးစက်ဘီးကြီးတစ်စီးဖြစ်ပြီး ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရမည် ဖြစ်သည်။ ဒီဒီဆမ်ဖ်သည် ထူးခြားဆန်းသစ်သော စက်ဘီးပေါင်း ၁၀၀ကျော်ကို လွန်ခဲ့သည့် ၁၀နှစ်အတွင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာ့ အကြီးဆုံး ကုလားထိုင်ကြီး

ကမ္ဘာ့အကြီးမားဆုံးကုလားထိုင်ကြီးတစ်လုံးကို ပြသထားစဉ်။

(ယာပုံ)

အမေရိကန်နိုင်ငံ ဘတ်ဆက်မြို့ ဘတ်ဆက် ရင်ပြင်တွင် ကြီးမားသော ကုလားထိုင်ကြီး တစ်လုံးကို ပြသထားရာ ၎င်းကုလားထိုင်ကြီးသည် စုစုပေါင်း အမြင့် ပေ၂၀၊သုံးလက်မ၊ အကျယ် ရှစ်ပေ၊ နှစ်လက်မနှင့် ထိုင်ခုံအမြင့်ကိုးပေ၊ တစ်လက်မရှိသည်။

အဆိုပါ ကုလားထိုင်ကြီး၏ စုစုပေါင်း အလေးချိန်မှာ ၇၉၀၀ ပေါင်ရှိပြီး လူပေါင်းများစွာ ဝိုင်းဝန်း ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

(အင်တာနက်)

တိုက်ကြီး စကြာရှင် ဇမ္ဗူအေး တစ်ဆယ့်တစ်မီးငြိမ်းစေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် အထွတ်တင်လှူပူဇော်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တော်မြတ်ရှိ ရှေးဟောင်းစကြာရှင် ဇမ္ဗူအေးတစ်ဆယ့်တစ်မီးငြိမ်းစေတီတော်မြတ်အား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ အထွတ်တင်လှူပွဲကို ဧပြီ ၈ ရက် နံနက် ၉ နာရီက ယင်းစေတီတော်မြတ်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆောင်သစ်အတွက် အလှူငွေများကို လက်ခံသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်ပရိသတ်တို့သည် ပန်းတစ်ပွင့်တောင် သာသနာပြု တောရကျောင်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများသည် စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဗွန်းပုံတို့ကို သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်ကြသည်။

ပင့်ဆောင်

ဆက်လက်၍ ပန်းတစ်ပွင့်တောင် သာသနာပြု တောရကျောင်းဆရာတော်အမှူးပြု၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဗွန်းပုံတို့ကို ပင့်ဆောင်ကြကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာရထားပျံမင်္ဂလာမဏ္ဍပ်သို့ပင့်ဆောင်ကြသည်။

ရွတ်ဖတ်ပူဇော်

ထို့နောက် ပန်းတစ်ပွင့်တောင် တောရကျောင်းဆရာတော်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့သည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဗွန်းပုံတို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး အတွင်းရေးမှူး ဦးအောင်တင်ဝင်းက စည်းချက်ဂါထာများကိုရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီးနှင့် တာဝန်ရှိသူများသည် မင်္ဂလာအချိန်တွင် တပ်မတော် (လေ)မြလေယာဉ်ထီးတော်တင်အဖွဲ့မှ မင်္ဂလာပန်းရထားဖြင့် ဗွန်းပုံ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူကြရာ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအက၊ အရေးအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ရွှေတံဆိပ်ဆုရ အောင်ကိုဝင်းက အတီးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရ မိုးဇော်ဗိုလ်မင်္ဂလာဆိုင်းအဖွဲ့နှင့်တွဲဖက်၍ မင်္ဂလာရတုကို ဖတ်ကြားပူဇော်သည်။

တင်လှူပူဇော်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများသည် ပန်းတစ်ပွင့်တောင်တော်မြတ်ရှိ ရှေးဟောင်းစကြာရှင် ဇမ္ဗူအေးတစ်ဆယ့်တစ်မီးငြိမ်းစေတီတော်မြတ် အထွတ်သို့တက်ရောက်ကြပြီး စိန်ဖူးတော်နှင့် အရံစေတီတော်များ၏ စိန်ဖူးတော်များကို တင်လှူပူဇော်ပေးကြပြီး **(အပေါ်ပုံနှင့် ယာပုံ)** အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်၍ အလှူငွေများကို လက်ခံသည်။

ပေးအပ်လှူဒါန်း

ယင်းအလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားကို ပန်းတစ်ပွင့်တောင် တောရကျောင်းတိုက် မဟာဓမ္မသုခဗိမာန်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအောင်မျိုးနှင့် ဇနီး ဒေါ်ခင်သူဇာမိသားစုက ငွေကျပ် သိန်း ၇၀၊ ဦးအောင်မိုးကျော်နှင့် ဇနီး ဒေါ်နန်းရွှေဝါဝင်းမိသားစုက ငွေကျပ်သိန်း ၂၀၊ ဦးကြည်ရှိန်နှင့်ဇနီး ဒေါ်စိုးစန္ဒာအောင်မိသားစုက ငွေကျပ်သိန်း ၂၀၊ ဦးဖေသန်းနှင့် ဇနီး ဒေါ်ခင်ထွေးခိုင်မိသားစုက ငွေကျပ် ၁၅ သိန်း၊ ဦးတီတိုးနှင့် ဇနီးတို့က ငွေကျပ် ၁၀ သိန်း၊ ဗိုလ်မှူးသူရိန်ကျော်နှင့် ဇနီး ဒေါ်နန်းကလျာစိုးမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးငြိမ်းနှင့် ဇနီး ဒေါ်အုန်းကြင်(OK ဆန်ပွဲရုံ)က ငွေကျပ် နှစ်သိန်း၊ ဗိုလ်မှူးချုပ်သူရမောင်နီ(ငြိမ်း) နှင့် ဇနီး ဒေါ်နန်းမြင့်စိန်မိသားစုက ငွေကျပ်တစ်သိန်းနှင့် ဦးလှဌေးနှင့် ဇနီး ဒေါ်တင်နွယ်ဦး (မုန်ချိုဆေးတိုက်)က ငွေကျပ်တစ်သိန်းတို့ကိုပေးအပ်လှူဒါန်းကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့် ဧည့်ပရိသတ်တို့သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သောဘနထံမှ အနုမောဒနာနှင့် ရေစက်ချတရားတို့ကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သောကြာဂြိုဟ်လေ့လာရေးအာကာသယာဉ် အင်ဂျင်မီးလောင်ခဲ့သော်လည်း ဆင်းသက်ရန်ပြင်

ဥရောပ အာကာသအေဂျင်စီမှ လွှန်ခဲ့သောငါးလကျော်မှ လွှတ်တင်ခဲ့သည့် သောကြာဂြိုဟ် လေ့လာစူးစမ်းရေးယာဉ်သည် ယခုအခါ သောကြာဂြိုဟ်၏ အနီးကပ်ဆုံးအကွာအဝေးသို့ ရောက်ရှိခဲ့ပြီးဖြစ်ပြီး သောကြာဂြိုဟ်မျက်နှာပြင်သို့ ဆင်းသက်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီမှ ဧပြီ ၁၁ ရက် အင်္ဂါနေ့နံနက်ပိုင်းက သတင်းထုတ်ပြန်သည်။

အောင်မြင်စွာ

သောကြာဂြိုဟ်လေ့လာရေးယာဉ်သည် ခရီးမိုင် ကီလိုမီတာ သန်း ၃၅၀ (သန်းမိုင်၂၂၀)ကျော်ကို ငါးလကျော်ကြာမျှ ပျံသန်းခရီးနှင်ခဲ့ပြီးနောက် သောကြာဂြိုဟ်ပတ်လမ်းကြောင်းအတွင်း အောင်မြင်စွာရောက်ရှိခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ဧပြီ ၁၁ ရက် အင်္ဂါနေ့နံနက် ၉ နာရီ ၁၇ မိနစ်က သောကြာဂြိုဟ်လေ့လာရေးယာဉ်၏ အဓိကအင်ဂျင်မီးလောင်မှုဖြစ်ပွားခဲ့ရာ မြေပြင်စခန်းနှင့် ရေဒီယိုအချက်ပြဆက်သွယ်မှုလည်း ပြတ်တောက်သွားခဲ့သည်။ အင်ဂျင်မီးလောင်မှုမှာ ၅၁ မိနစ်ခန့်ကြာမျှဖြစ်ပွားခဲ့ပြီးမှ မီးငြိမ်းသွားခဲ့သည်။ မီးငြိမ်းသွားပြီးမှသာ ရေဒီယိုဆက်သွယ်မှု ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

ဆင်းသက်ရန်ပြင်ဆင်

ယခုအခါ သောကြာဂြိုဟ်လေ့လာရေး အာကာသယာဉ်သည် သောကြာဂြိုဟ်မျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ပြင်ဆင်နေပြီဖြစ်သည်။ **(အောက်ပုံ)** အဆိုပါအာကာသယာဉ်သည် သောကြာဂြိုဟ်၏ မျက်နှာပြင်အနေအထား၊ ရာသီဥတုတို့ မြေကမ္ဘာနှင့် မည်သို့ခြားနားသည်ကို လေ့လာမည်ဖြစ်သည်။

ယခုအခါ သောကြာဂြိုဟ် လေ့လာရေးယာဉ်သည် ဥရောပ အာကာသအေဂျင်စီ၏ ပထမဆုံး သောကြာဂြိုဟ်လေ့လာရေးလွှတ်တင်သည့် အာကာသယာဉ်တစ်ခုဖြစ်သည်။

(ကိုးကား-အင်တာနက်)



အင်တာနက်သတင်းနှင့် ဓာတ်ပုံ

ဆေးလိပ်သောက်ခြင်းဖြင့် ဆီးချိုရောဂါ ပိုဖြစ်နိုင်

ဆေးလိပ်သောက်ခြင်းသည်ကိုယ်ခန္ဓာအတွင်း ဂလူးကို့စ် မြင့်မားစွာဖြစ်ပေါ်စေသဖြင့် ဆီးချိုရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်လျက်ရှိကြောင်း လူ ၄၅၇၂ ဦးအား ၁၅ နှစ်ကြာ လေ့လာသုတေသနပြုခဲ့သည့် လေ့လာဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြလိုက်သည်။

သုတေသနပြု

ဆေးလိပ် သောက်သူများ**(ဝဲပုံ)** သည် ဆီးချိုရောဂါ ပိုမိုဖြစ်ပွားကြောင်း ဆီးချိုရောဂါရှိသူများအနေဖြင့် ဆေးလိပ်သောက်မှု မပြုလုပ်သင့်ကြောင်း အဆိုပါသုတေသနပြုချက်၌ ဖော်ပြထားသည်။

ထို့အတူ ဆေးလိပ်ငွေ့တစ်ဆင့်ခံ ရှူရှိုက်မိသူများမှာလည်း ဆေးလိပ်သောက်သူများကဲ့သို့ပင် ဆီးချိုရောဂါဖြစ်ပွားမှု တိုးမြင့်လာစေကြောင်း ဆေးလိပ်ငွေ့ ရှူရှိုက်မှုခံရသူများအနေဖြင့် ဆီးချိုရောဂါမရှိသော်လည်း အချိန်ကာလ ကြာလာလျှင် ဆီးချိုရောဂါဖြစ်ပွားလာနိုင်ကြောင်း ဖော်ပြထားသည်။

တွန်းအားပေး

ဆေးလိပ်ငွေ့တွင် ပါဝင်သော အဆိပ်အတောက်သည် လူခန္ဓာကိုယ်အတွင်း သွေးကြောများထံသို့ သကြားဓာတ်ကို ထိန်းညှိထုတ်ပေးသော ပန်ကရိယကို ထိခိုက်စေသဖြင့် ဆီးချိုရောဂါဖြစ်ပွားမှုကို တွန်းအားပေးလျက်ရှိကြောင်း အမေရိကန်နိုင်ငံ အလာဘားမားရှိ ဆေးဘက်ဆိုင်ရာဌာနမှ ပါမောက္ခသောမတ်ဟူစတန်က ပြောကြားသည်။

(ကိုးကား-အင်တာနက်)

စိတ်ကူးယဉ်လွန်းသူများ ဦးနှောက်အားနည်းသူများဖြစ်ဟုဆို

စိတ်ကူးယဉ်လွန်းသောသူများသည် ဦးနှောက်အားနည်းသောသူများဖြစ်ပြီး ဦးနှောက်အတွင်း(ယာပုံ)**အာရုံကြောများ အားနည်းမှုဆက်စပ်လျက်ရှိကြောင်း သုတေသနပညာရှင်များက မကြာမီက ပြောကြားလိုက်သည်။**

လူမှုအကျိုးစီးပွား

ထိုလူများသည် ဦးနှောက်၏ တုံ့ပြန်မှုနှေးကွေးခြင်းကြောင့် အကြောင်းအရာကိစ္စအများအပြား၌ ပုံမှန်အပြန်အလှန်ပြောဆိုဆွေးနွေးမှု မပြုလုပ်နိုင်ကြောင်း၊ ထို့ကြောင့် လူမှုအကျိုးစီးပွားဖြစ်ထွန်းမှုမှာလည်း အနည်းငယ်မျှသာ ရရှိနိုင်ကြောင်း ပညာရှင်များက ဖော်ပြထားသည်။

ဆန်းစစ်ချက်

အဆိုပါလူများသည် ဦးနှောက်ဖွဲ့စည်းမှု ပုံမှန်မဟုတ်သောကြောင့် လူမှုရေးကိစ္စရပ်များ၊ စီးပွားရေးကိစ္စရပ်များကို ဖြေရှင်းရာတွင် အားနည်းမှု လွဲမှားမှုများ ရှိနေခြင်းဖြစ်ကြောင်းလည်း လေ့လာဆန်းစစ်ချက်၌ ဖော်ပြထားသည်။

စိတ်ကူးယဉ်လွန်းသူများ

လန်ဒန်တက္ကသိုလ်မှ သုတေသနပညာရှင်များက လူ ၃၂ ဦး၏ ဦးနှောက်နှင့်ပတ်သက်သည့် ဓာတ်မှန်များကို လေ့လာနှိုင်းယှဉ်ကြည့်ခဲ့ရာ ဦးနှောက်ဖွဲ့စည်းမှု ပုံမှန်မဟုတ်သောသူများသည် စိတ်ကူးယဉ်လွန်းသောသူများဖြစ်နေပြီး စွမ်းရည်ပြည့်ဝသူများ၏ ဦးနှောက်ဖွဲ့စည်းမှုမှာ ပုံမှန်ဖြစ်ကြောင်း တွေ့ရှိခဲ့ကြသည်။

(ကိုးကား-အင်တာနက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ်ရှိ မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ရှိ ရေလှောင်တမံစီမံကိန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့လိုက်ပါလျက် ဧပြီ ၇ရက် နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနကတည်ဆောက်နေသည့် ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်တွင် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို မြစ်သာမြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေများ ဆည်ရေရရှိရေးနှင့် ရေအားလျှပ်စစ်ထုတ်ယူရရှိရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးဇစ်တာက ပင်မတမံ တည်ဆောက်ရန် ရေစိမ့်တားကွန်ကရစ်နံရံလုပ်ငန်းနှင့် ဘိလပ်မြေ သရွတ်မှုတ်သွင်းမှုလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်း တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးများသည် ရှုရပ်အမြင့်ပိုင်းမှ ရေလှောင်တမံတည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုကြသည်။

ရာဇဂြိုဟ် ရေလှောင်တမံမှာ နေရဥ္စရာချောင်းပေါ်၌ အလျား ၄၇၄၅ ပေ၊တမံအမြင့် ၁၆၅ပေရှိသည့် မြေသား တမံပိတ်ကာ၊ ကုန်းကြောတမံ သုံးခုပါရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏဧကေ ပေ ၅၂၀၀၀ရှိကာ ဧက ၆၅၀၀ဆည်ရေသောက်နိုင်မည့်အပြင် Kaplan- Type- Turbines အမျိုးအစား တာဘိုင်စက် ၂မဂ္ဂါဝပ် နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှရေအား လျှပ်စစ်ဓာတ်အား ၂၁သန်း ကီလိုဝပ်နာရီ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ယခုအခါ ပင်မတမံ မြေဖို့ခြင်းလုပ်ငန်းနှင့် ကုန်းကြောတမံမြေဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်း

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက်၁၀ နာရီတွင် စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် ကလေး-ဂန့်ဂေါကားလမ်းရှိ ကမ္မားနီ တံတားအထက်ဘက် နှစ်မိုင်ခွဲအကွာတွင် ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၄)က တည်ဆောက်နေသည့် မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇစ်တာက ဆောင်ရွက်ခဲ့သော စူးစမ်းလေ့လာမှုလုပ်ငန်းများ ပင်မတမံအူကြောင်း ရှင်းလင်းမှု၊ ရေလွှဲဥမင်တည်ဆောက်မှုတွင် ရေလွှဲဥမင်အဝင်နေရာ တောင်ကုန်းမြေဖြတ်ခြင်းနှင့် ဥမင်အဝင်ပိုင်းနှင့် အထွက်ပိုင်းနေရာတို့တွင် လွန်တူးခြင်း လုပ်ငန်းတို့ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး ရေလွှဲဥမင်အဝင်ပိုင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မဏိပူရ ရေလှောင်တမံဘက်စုံစီမံကိန်းသည် မဏိပူရမြစ်ပေါ်တွင် တမံအလျား ၂၄၄၄ ပေ၊ တမံအမြင့် ၅၂၇ ပေရှိသည့် ကျောက်ဖြည့်မြေသားတမံ တည်ဆောက်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ၁၃သမ၂၆ ဧကပေ သန်းပေါင်းသိုလှောင်ကာ ဆည်ရေသောက် ဧက ၅၀၀၀၀ ရေပေးနိုင်မည့်အပြင် နှစ်စဉ်ရေအားလျှပ်စစ် ၁၉၀၃ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ရန် ၉၅ မဂ္ဂါဝပ်လေးလုံး တပ်ဆင်သွားမည် ဖြစ်သည်။

ယခုအခါ ပင်မတမံတည်ဆောက်ရန် အောက်ခြေမြေသား ရှင်းလင်းမှုနှင့် ရေလွှဲဥမင်လိုဏ်တည်ဆောက်မှုကို ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

မြစ်သာရေလှောင်တမံစီမံကိန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် နံနက် ၁၁နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၈)က ဆောင်ရွက်နေသည့် မြစ်သာ ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စီမံကိန်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေအားလျှပ်စစ် ထုတ်ယူရရှိအသုံးပြုနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူး ဦးတင်ဝင်းက စီမံကိန်းဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ချက်နှင့် ကုန်းကြောတမံတည်ဆောက်မှု ပြီးစီးသောအပိုင်းတွင် ကျောက်စီလုပ်ငန်းဆောင်ရွက်မှု၊ ရေလွှဲဥမင်လိုဏ်တည်ဆောက်မည့်နေရာ ဥမင်အဝင်ပိုင်း တူးဖော်မှုကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှုရပ်အမြင့်ပိုင်းမှ ရေလွှဲဥမင်အဝင်ပိုင်း တူးဖော်မှုနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြသရှင်းလင်းတင်ပြသည်။

မြစ်သာမြစ်ပေါ်တွင် ဇုန်အမျိုးအစား မြေသားတမံပိတ်မည်ဖြစ်ရာ တမံအလျားပေ ၂၈၇၅၀၊ တမံအမြင့် ၂၀၅ပေရှိပြီး ပေ ၂၇၄၅၀ရှိသည့် ကုန်းကြောတမံပါရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၇၇၆၀၀ သိုလှောင်နိုင်မည် ဖြစ်သည်။

ထို့အပြင် ဆည်ရေသောက်ဧက ၁၂၀၀၀ ရေပေးနိုင်ကာ နှစ်စဉ်ပျမ်းမျှ ရေအားလျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၇၀ နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်သာ ရေလှောင် တမံစီမံကိန်းမှ မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံ အထက်ဘက် ဖူးရွာအနီးတွင်ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၈)က တည်ဆောက်လျက်ရှိသည့် ဖူးရွာရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

လုပ်ငန်းဆိုင်ရာများမှာကြား

ဆက်လက်၍ စီမံကိန်းတာဝန်ရှိသူများက ပင်မတမံတည်ဆောက်နိုင်ရန် အရှည်ပေ ၁၁၀၀ရှိသည့် ရေစိမ့်တားနံရံတည်ဆောက်ပြီးစီးမှု၊ ပင်မတမံ၏ တောင်စောင်းဘေးနှစ်ဖက်ဆင်ခြေလျှော ပြုလုပ်မှု၊ ရေလွှဲဥမင်အဝင်ပိုင်းနှင့် ရေလွှဲဥမင်အထွက်ပိုင်းတို့တွင် တစ်ပြိုင်တည်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရှုရပ်အမြင့်ပိုင်းမှနေ၍ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေကူအားဖြည့်ပေးနိုင်မည်

ဖူးရွာရေလှောင်တမံစီမံကိန်းကို မုန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိရာ ပင်မတမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအလျားပေ ၆၀၄၀၊ တမံအမြင့်၂၄၃ပေရှိသည်။ကုန်းလျှောတမံသုံးခုပါရှိပြီး စုစုပေါင်း ပေ၃၆၉၀ အရှည်ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၇၄၀၀၀၀ ရှိသည့်အပြင် မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံ-ကြီးဝရေလှောင်တမံ တို့ကို ရေကူအားဖြည့်ပေးနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်တပ်ဆင် အင်အားမှာ ၂၀မဂ္ဂါဝပ်သုံးလုံးဖြင့် နှစ်စဉ် ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း၃၂၀ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီ၄၅မိနစ်တွင် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မဲဇလီ ရေလွှဲဆည် အထက် ငါးမိုင်ခန့်အကွာ မုန်းချောင်းရေကျော်တမံ၏ အောက်ဘက် ၁၅မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တည်ဆောက်နေသည့် ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံ စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်း ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ရေလွှဲမြောင်းပြီးစီးမှု

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က ပင်မတမံနှင့် ရေပိုလွှဲတည်ဆောက်နေမှု၊ ယာယီရေတားတမံပြီးစီးမှု၊ တမံတည်ဆောက်မည့်အလျားပေ၄၃၀၀၊အကျယ်ပေ၁၃၀ရှိသည့် ရေလွှဲမြောင်းပြီးစီးမှု၊ မုန်းချောင်းရေကို လွှဲပြောင်းစီးဆင်းနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကလုပ်ငန်းဆိုင်ရာများကိုမှာကြားပြီး ပင်မတမံတည်ဆောက်မှုနှင့် ရေလွှဲမြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မုန်းချောင်းပေါ်တွင် တည်ရှိပြီး တမံအလျားပေ၃၂၈၀၊ တမံအမြင့် ၁၆၄ပေရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ၄၆၃၀၀၀ရှိသည်။ သိုလှောင်ရေများကို အောက်ဘက်ရှိ မဲဇလီရေလွှဲဆည်မှတစ်ဆင့် လယ်မြေဧက၈၆၇၇၇ကို ဆည်ရေပေးနိုင်မည့်အပြင် သီးထပ်အဖြစ်နွေစပါး ၇၄၀၀၇ဧကကိုလည်း ရေပေးနိုင်မည် ဖြစ်သည်။ ထို့အပြင် ရေအားလျှပ်စစ် ထုတ်ယူရန် ၃၅မဂ္ဂါဝပ်နှစ်လုံးတပ်ဆင်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း၃၃၀ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသကြန်

- ✱ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ✱ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သကြၤန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့သူ	- ထောင်(၁)နှစ်
၂။	ကစားသူ	- ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	- ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သတိပေးနှိုးဆော်ချက်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ မူးယစ်သောက်စားပါက အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာ စစ်ဆေးအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

● ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် နံနက် ၉နာရီ၁၅မိနစ်တွင် တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာ အနောက်ဘက်ရှိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းသို့ရောက်ရှိ ကြရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းရှိ ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း၏ နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ နှစ်ရှည်သီးနှံများ ဖြစ်သည့် စိန်တလုံးသရက်၊ သစ်ဆိမ့်၊ တညင်း၊ လိုင်ချီး၊ ပျားလိမ္မော်၊ ဆိုးဆေးပင်နှင့် ရော်ဘာပင်များစိုက်ပျိုးထားရှိမှု အခြေအနေ၊ စိန်တလုံးသရက်ပင် အပင် တစ်သောင်းစိုက်ပျိုးထားရှိမှုနှင့် ရှင်သန်မှုအခြေအနေ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေရှိ တပ်ရင်းတပ်ဖွဲ့များ၏ ခြစည်းရိုးကြက်ဆူပင် နှစ်အလိုက်စိုက်ကေ လျာထားချက်၊ အစေ့၊ ကိုင်းနှင့် အပင်ပေါက်မျိုးစုဆောင်းထားရှိမှုနှင့် လက်ရှိစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပူးတွဲဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ခြစည်းရိုးကြက်ဆူပင် များကို ပြည်နယ်အတွင်းရှိ မြို့နယ်တိုင်း၌ တစ်မြို့နယ်လျှင် တစ်ရွာကျ တိတိ ကျကျသတ်မှတ်၍ စံပြအဖြစ် ခြစည်းရိုးကြက်ဆူပင်စနစ်တကျ စိုက်ပျိုးသွားရေး၊ ယင်းသို့စံပြအဖြစ် စိုက်ပျိုးသောရွာများ၏ ခြစည်းရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ် ထုတ်လုပ်၍ လက်တွေ့အသုံးချအောင်မြင်မှုများကို လက်တွေ့ပြသသွားရေး၊ မြေလွတ်မြေရိုင်းများ၌ ခြစည်းရိုးကြက်ဆူပင်များကို ဧကထောင်သောင်းချီ၍ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးသွားရေး၊ သုတေသနလုပ်ငန်းများကို ပူးတွဲ ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ကြက်ဆူပျိုးပင် များစိုက်ပျိုးထားမှု၊ သရက်ပင်များစိုက်ပျိုးထားမှု၊ တစ်ဖက်ရပ်ဆည် ပြုလုပ်၍ ရေသိုလှောင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းအတွက် ခြစည်းရိုးကြက်ဆူပင်များကို အမှတ်တရစိုက်ပျိုးပေးကြပြီး တောင်ကြီးမြို့သို့ ရဟတ်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာခဲ့ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိ လာကြရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းလှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ တောင်ကြီးမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များ ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြကာ ဟဲဟိုးလေဆိပ်မှတစ်ဆင့် တပ်မတော် လေယာဉ်ဖြင့် နေပြည်တော်လေဆိပ်သို့ မွန်းလွဲ၁နာရီ၄၅မိနစ်တွင် ပြန်လည် ရောက်ရှိကြသည်။

လက်တွဲဆောင်ရွက်

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းတွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် အတွင်း ရေးမှူးဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဧပြီ၉ရက် ညပိုင်းတွင် ရပ်စောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ မြို့နယ် အသင်း အလုပ်အမှုဆောင်များနှင့်အသင်းဝင်များအား တွေ့ဆုံပြီး တွဲဖက် အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးတို့က ရပ်စောက်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးအသင်း အလုပ်အမှုဆောင်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဆွေးနွေး မှာကြားကြပြီး အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့်လက်တွဲ၍ အား တက်သရော ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေး စခန်းအတွက် ခြစည်းရိုးကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များရွှေတိဂုံစေတီတော်ကြည်ညို အမျိုးသားပြတိုက်နှင့်ကျောက်မျက်ရတနာပြတိုက်လေ့လာ

ရန်ကုန် ဧပြီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌ Mr. Lu Bing ခေါင်းဆောင်သော အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်၇နာရီခွဲက ရွှေတိဂုံစေတီတော်မြတ်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံ စေတီတော်မြတ် တောင်ဘက်မုခ်တန်ဆောင်းရှိ ရွှေတိဂုံ စေတီတော် ပုံတူစေတီတော်အား ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွား တော်မြတ်အား ပန်း၊ အမွှေးတိုင်၊အလင်းတိုင်များကပ်လှူ ပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဧည့်သည်တော်တရုတ် ပြည်သူ့သမ္မတ နိုင်ငံ ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဧည့်သည် တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဂေါပက အဖွဲ့ဝင် ဦးဘရွှေထံ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ဓာတ်ပုံကို အမှတ် တရ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင် ဦးဘရွှေက လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဧည့်သည်တော် ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌ နှင့်အဖွဲ့သည်ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ ယဉ်ကျေးမှုဗိမာန်ဦးစီး ဌာန အမျိုးသားပြတိုက် ညွှန်ကြားရေးမှူးဒေါ်နုမြဇ်နှင့် ပြတိုက်မှူး ဒေါ်မိမိကေသွယ်တို့က လိုက်လံရှင်းလင်းပြသ သည်။

နေ့လယ်စာတည်ခင်း

ဆက်လက်၍ ဧည့်သည်တော် ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာပြတိုက်သို့သွားရောက် ကြည့်ရှုလေ့လာ ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် ကွမ်ရှီးပြည်နယ်ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များအားပြည်ထောင်စုမြန်မာနိုင်ငံတော်ကုန်သည် များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟိုတယ်နီကိုး၌ နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံသည်။

ထို့နောက် ဧည့်သည်တော် ကွမ်ရှီး ပြည်နယ်ဥက္ကဋ္ဌ Mr. Lu Bing နှင့် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြ သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

❍ ကျောဖုံးမှ

သင်တန်းဆင်း ဂုဏ်ပြုညစာ စားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) စစ်ရေး ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ် ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟ သူရတင်အောင်မြင့်ဦးနှင့် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး၊ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရှမ်း ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ရဲမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီး များနှင့် ဗဟိုတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊သင်တန်းဆင်းအရာရှိ များနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီးမောင်အေးသည် သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အရာရှိများ၊ မိဘ ဆွေမျိုးများနှင့်အတူ ဂုဏ်ပြုညစာ သုံးဆောင်ကြသည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင်ဒုတိယဗိုလ်ချုပ် မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ ဗဟိုတပ်နယ်မှ မိသားစု များ၊ တေးသံရှင်များနှင့် မြဝတီ အငြိမ့်အဖွဲ့တို့၏ သီဆိုကပြဖျော်ဖြေမှု များကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ် ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဗဟိုတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်း နှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သင်တန်းကျောင်းများမှ သန္ဓေနှင့် သင်တန်းသားအရာရှိများတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်နှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည်များကို ပဏာမရှင်းလင်းပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နိုင်ငံတော်ကြီးကို အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နေချိန်တွင် တပ်မတော်သားများအနေဖြင့် တိုင်းရင်းသားပြည်သူ များနှင့်အတူ လက်တွဲ၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အခမ်းအနားသို့တက်ရောက်လာကြသော တပ်မတော်အရာရှိများအား ရင်းရင်း နှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် နှစ်သစ်ကူး အထူးတရားပွဲ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာ လမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီး တွင် ဧပြီ ၁၇ရက်(နှစ်ဆန်းတစ်ရက် နေ့) တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါ ရိက ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာ ဘိဝံသက လည်းကောင်း၊ ဧပြီ ၂၀ရက် တွင် သီတဂူဆရာတော် ဒေါက်တာ အရှင် ဉာဏိဿရက သီတဂူရေအလှူ တော် တရားပွဲကိုလည်းကောင်း၊ ဧပြီ ၁၈ရက်၊ ၁၉ရက်၊ ၂၁ရက်နှင့်၂၂ရက် များတွင် ရွှေပြည်မေတ္တာရှင် အရှင်ဇဝန က လည်းကောင်း နိဗ္ဗာန်ရောက် ကြောင်းတရားများကို လည်းကောင်း ညစဉ်၇နာရီတွင် ဟောကြားမည်ဖြစ် ကြောင်း သိရသည်။ **(က-ပ)**

စာအုပ်လှူဒါန်းခြင်းဖြင့်ကျေးလက်ပြည်သူများလိုအပ်ချက်ဖြည့်ဆည်း ကျေးလက်ပြည်သူများ ပညာတတ်ပြီးအသိဉာဏ်ဗဟုသုတကြွယ်ဝမှ လူသားအရင်းအမြစ်ဖွံ့ဖြိုးပြီးတိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်

ရန်ကုန် ဧပြီ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ယုဇနေဂါးဒင်းဟိုတယ်၌ ပြင်ပစာနယ်ဇင်းများမှ စာပေလောကသားများက ကြီးမှူးကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူငွေနှင့်စာအုပ်များကို လက်ခံသည်။

တက်ရောက်

စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြင်ပစာနယ်ဇင်းများမှ စာပေ

လောကသားများ၊ စာနယ်ဇင်းထုတ်ဝေသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း **(အပေါ်ပုံ)**က အမှာစကားပြောကြားရာ၌ စာအုပ်လှူဒါန်းကြသူများအား ကျေးလက်နေ ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ စာပေနှင့် အနုပညာလောကနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနက တာဝန်ယူနေရသော်လည်း စာပေလောကသားများ အနေဖြင့် စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာနနှင့်သာ ထိတွေ့ဆက်ဆံမှုများခဲ့ပြီး မိမိတို့ ဝန်ကြီးဌာနက ကျင်းပသည့် အခမ်းအနားများသို့သာ စာနယ်ဇင်းသမားများ တက်ရောက်ခဲ့ကြကြောင်း၊ ယခု စာနယ်ဇင်းလောကသားများက ကျင်းပသည့် ဤအခမ်းအနားသို့ မိမိတက်ရောက် ရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း။

ယခုထက် ကျယ်ပြန့်ရင်းနှီး ချစ်ခင်မှုရရှိအောင် ပိုမိုကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ စာအုပ်များ လှူဒါန်းခြင်းသည် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ပကတိအခြေအနေကိုကြည့်လျှင် စာဖတ်မှုအားနည်းနေသေးကြောင်း၊ အလားတူ စာအုပ်စာပေများသည်လည်း ကျေးလက်နေပြည်သူများ လက်လှမ်းမီမှု အားနည်းနေသေးကြောင်း၊ ဤအားနည်းချက် နှစ်ရပ်ကို ယခုအခမ်းအနားက ဖြည့်ဆည်းပေးလိုက်ခြင်း ဖြစ်ကြောင်း။

တစ်တပ်တစ်အား

မြို့ပြနေပြည်သူများသာ ပညာတတ်၊ အသိဉာဏ်ကြွယ်ဝနေ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည် မဟုတ်ကြောင်း၊ ကျေးလက်နေပြည်သူများပါ ပညာတတ်ပြီး အသိဉာဏ်ဗဟုသုတကြွယ်ဝမှသာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုလှူဒါန်းခြင်းသည် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ရေးအတွက် တစ်တပ်တစ်အား အားဖြည့်ပေးလိုက်ခြင်းဖြစ်ကြောင်း။

ကျေးရွာ စာကြည့်တိုက်များ ထူထောင်ရေးအတွက် နိုင်ငံတော်၏အား၊ ကျေးလက်နေပြည်သူများ၏အားနှင့် စေတနာရှင် ပြည်သူများ၏အားစသည့် အားသုံးအားဖြင့်ထူထောင်ရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ စာအုပ်လှူဒါန်းပွဲများ ကိုးကြိမ် ကျင်းပခဲ့ပြီး ယင်းလှူဒါန်းပွဲများမှ တန်ဖိုးငွေကျပ် ၁၁၅၇သိန်းတန်ဖိုးရှိ စာအုပ်စာစောင်ပေါင်း၁၈သိန်းကျော်နှင့်အလှူငွေကျပ် ၅၃၇သိန်းကို လက်ခံရရှိပြီးဖြစ်ကြောင်း။

ယခုလှူဒါန်းသည့် စာအုပ်နှင့် အလှူငွေများကို ဖွင့်လှစ်ပြီးကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် အလှူရှင်များကိုယ်စား သုတစွယ်စုံမဂ္ဂဇင်းတိုက်မှ ဒေါက်တာတင်ထွန်းဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ရေးအတွက် စာပေလောကသားများက လှူဒါန်းသည့် ငွေကျပ်၁၀သိန်းကို စာပေလောကသားများ ကိုယ်စား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီနန္ဒာလှိုင်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းထံ စာပေလောကသားများ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၄၉၀၉၄၀၀ တန်ဖိုးရှိ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်စုစုပေါင်း၁၇၇၃၈အုပ်ကိုစာပေလောကသားများကိုယ်စား တူဒေးလိုက်ဖ်စတိုင်မဂ္ဂဇင်းမှ ဒေါက်တာသာထွန်းဦးက ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ညစာဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တက်ရောက်လာကြသော ပြင်ပစာနယ်ဇင်းများမှ စာပေလောကသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပြန်ကြားရေးဝန်ကြီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာပေလောကသားများက လှူဒါန်းငွေကျပ်၁၀သိန်းကို စာပေလောကသားများကိုယ်စား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီနန္ဒာလှိုင်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သနပ်ပင်အောက်စုရပ်ကွက် မဟာဒုက်အလှူပွဲ စည်ကားစွာကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

သနပ်ပင်မြို့ အောက်စုရပ်ကွက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မဟာဒုက်အလှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် စုပေါင်းရှင်ပြုပွဲ နှစ်(၅၀)ပြည့် ရွှေရတုသဘင် မင်္ဂလာအခမ်းအနားကို သင်္ကြန်အကြိုနေ့မှစ၍ နှစ်ဆန်းနှစ်ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဧပြီ၁၂ရက်ညတွင် မြို့ပေါ်ရှိ ကျောင်းပေါင်း၁၅ကျောင်းကို ကျောင်းစဉ်အလိုက် ပန်းကန်ချပ်ရေ ၂၄၀၀ လှူဒါန်းကာ အသက်၇၅နှစ်အထက် အဘိုး အဘွားများအား ဝတ္ထုငွေနှင့် ပစ္စည်းများ လှူဒါန်းပြီး ရေစက်ချတရားပွဲ ကျင်းပမည်ဖြစ်သည်။

ကျောင်းပေါင်း၁၅ကျောင်းမှ သံဃာအပါး၄၀၀ကျော်ကို သင်္ကြန်အကြိုနေ့မှစ၍ နံနက်တိုင်းအရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

နှစ်ဆန်းတစ်ရက်နေ့တွင် သံဃာတော်များအား စာရေးတံမဲဖောက်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ညနေပိုင်းတွင် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် ရှင်အပါး၅၀ စုပေါင်းရှင်ပြုပွဲ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ညစဉ်ပဒေသာကပွဲများ၊ အငြိမ့်ပွဲများ၊ အတီးအမှုတ်အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ် နှောင်းတန်ခူးလပြည့်နေ့ (ဥပုသ်နေ့)
၁၂-၄-၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်(ဝဋ္ဋသုတ်)

၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၄။ နံနက်ခင်းသတင်း

၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး

၇း၅၀ ၆။ အတီးပြိုင်ပွဲ

၈း၀၅ ၇။ ဆပ်သွားတံတား

၈း၁၀ ၈။ အဆိုပြိုင်ပွဲ

၈း၂၀ ၉။ ခါသကြ်န်အဆိုအကများ

၈း၃၀ ၁၀။ International News

၈း၄၅ ၁၁။ Let's Go

၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆း၃၀ ၃။ Practice in Reading

၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]

၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၁၇း၁၀ ၆။ မြန်မာစာ မြန်မာစကား

၁၇း၂၅ ၇။ သီချင်းကြီးပဒေသာ

၁၇း၃၅ ၈။ **"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)

၁၇း၄၀ ၉။ ခါသကြ်န်အဆိုအကများ

၁၇း၅၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

၁၈း၀၀ ၁၁။ ညနေခင်းသတင်း

၁၈း၂၀ ၁၂။ မိုးလေဝသအခြေအနေ

၁၈း၂၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်

၁၉း၀၀ ၁၄။ **"လှေကားသုံးထစ်ဆင်းတဲ့ အခါ"** အရိုင်း၊ မင်းသူ၊ အေးသီတာ (ဒါရိုက်တာ-သိန်းဟန်-ဖိုးနစ်)

၁၉း၁၀ ၁၅။ ခါသကြ်န်အဆိုအကများ

၁၉း၂၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၁၉း၃၅ ၁၇။ ခါသကြ်န်အဆိုအကများ

၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ ၂၀၀၅ခုနှစ် တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ **"ဝိဓူရဇာတ်တော်ကြီး"** (မကွေးတိုင်း)[အပိုင်း-၁]

၂၂။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်



ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၂၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၁၁

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၂၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဓါတ်ပုံ)**

အဆိုပါ ဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်တင်ခ၊ တက္ကသိုလ်သခ်၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ ရေနံ့သာမောင်ကျော်ညွန့်၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ ဖိုးလမင်း၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ တက္ကသိုလ်ဘုန်းမြင့်ဆွေ၊ ကြည်လင်း(ဆေး)၊ အောင်စိုး(တိ/ကုဆရာဝန်)၊ H.K တို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ ကွမ်းလုံမြေစိုးနွယ်(ရှမ်း/မြောက်)၏ ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ဝဝန်မြစ်ဖြတ် ပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်း ဦးစားပေးဆောင်ရွက် စိတ်ချသေချာပြီး သတ်မှတ်ကာလအချိန်မီ ပြီးစီးအောင်ကြိုးပမ်း

ရန်ကုန် ဧပြီ ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၉ရက်နံနက်ပိုင်းက ညောင်တုန်း-ကျောင်းကုန်း-ကန်ကြီးထောင့်-သာပေါင်း စက္ကူနှင့်ပျော့ဖတ်စက်ရုံ ၁၀လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းခွင်တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ညောင်တုန်း-သာပေါင်း ပိုက်လိုင်းစီမံကိန်း မန်နေဂျာ ဦးသန်းပိုက ပိုက်လိုင်းလမ်းအူကြောင်းဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ ပိုက်ရောက်ရှိမှုအခြေအနေနှင့် ပိုက်ဆက်သွယ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မိုးမကျမီ ပိုက်များကို ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် အချိန်မီပို့ဆောင်ထားရန်၊ ဝဝန်မြစ်ဖြတ်ပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် မြစ်ဖြတ်ပိုက်လိုင်းကို ယခုကတည်းက စိတ်ချသေချာအောင် ဆောင်ရွက်ထားရှိရန်၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီတဂူရေအလှူတော် ဓမ္မသဘင်

ရန်ကုန် ဧပြီ ၁၁

အင်းစိန်မြို့နယ် အောင်ဆန်းမလွန်ဆန်လူအသင်းထောက်က ကြီးမှူးကျင်းပသော သီတဂူရေအလှူတော်နှင့် မဟာသိမ်တော်ကြီးအလှူ ရေစက်ချတရားပွဲများကို အောင်ဆန်း အထက (၃) ဘောလုံးကွင်းကြီး၌ ဧပြီ ၁၉ ရက်တွင် ပိဋကတစ်ပုံခွဲဆောင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာသိရီလင်္ကာရ(သီတဂူကြာတစ်ပွင့်)၊ ဧပြီ၂၀ရက်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ အရှင်ဣန္ဒာစရိယ၊ ၂၁ရက်တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရဆရာတော်တို့သည် ညစဉ် ၇နာရီမှစတင်၍ တရားတော်များကို ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ၂ရက်ကကျင်းပရာ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်သစ်လွင်အား အငြိမ်းစား ဆရာမဒေါ်မြမြက ဂုဏ်ပြုလက်ဆောင် ချီးမြှင့်စဉ်။ (က-ပ)

ရွှေတိဂုံစေတီတော်၌ နှစ်ဆန်းတစ်ရက်နေ့ ရေသန့်ဘူးများဒါနပြုမည်

ရန်ကုန် ဧပြီ ၁၁

ဧပြီ၁၇ရက်(၁၃၆၈ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်း အနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာစောင်းတန်းလေးသွယ် တို့ အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ငွေကျပ်၁၅သိန်းငါးသောင်းကျော်ဖိုးရှိ သောက်ရေသန့်ဘူး သုံးသောင်းကျော်ကို တစ်နေကုန် စတုဒိသာဒါနပြုလှူဒါန်းမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြို့နယ်ဖွံ့ဖြိုးရေး၊ ဒေသဆန်ဖူလုံပိုလျှံရေးနှင့် နှစ်ရှည်ပင်များတိုးချဲ့စိုက်ပျိုးရေး နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဖိဖိစီးစီးဦးဆောင်ဦးရွက်စည်းရုံးလုပ်ကိုင်

စီးပွားရေးဖြစ်ထွန်းနိုင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ရှမ်းပြည်နယ်(တောင်ပိုင်း)ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၉ရက် မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရပ်စောက်မြို့ ရဿဝတီခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား တပ်မတော်ဆေးရုံတပ်မှူး ဗိုလ်မှူးကျော်စိုးနှင့် တပ်မတော်ဆေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဆေးရုံအတွင်းရှိ ဖျားနာဆောင်နှင့် ခွဲစိတ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသော တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် ရပ်စောက်မြို့ ပြည်သူ့ဆေးရုံ(၂၅-ခုတင်)သို့ ရောက်ရှိကြရာ ရပ်စောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးဆေးရုံအုပ် ဒေါက်တာဒေါ်စန်းလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ(ခုတင်-၁၀၀)တွင် ဆေးကုသမှုခံယူနေကြသော တပ်မတော်သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁) သည် ရပ်စောက်မြို့ ပြည်သူ့ဆေးရုံရှိ လူနာဆောင်များ၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေကြသော ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မွန်းလွဲ ၂နာရီတွင် ရပ်စောက်မြို့ရှိ ရဿဝတီခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရပ်စောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဝင်းက ရပ်စောက်မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မိုးစပါးစိုက်ပျိုးမှု၊ ဒေသဆန်နှင့် ဆီဖူလုံမှုအခြေအနေများ၊ ခြံစည်းရိုးကြက်ဆူပင်ဧက ၅၅၁၀ လျာထားချက်၌ ဧက၄၇၅၀ စိုက်ပျိုးထားရှိမှု၊မြို့နယ်၏ပညာရေး၊ကျန်းမာရေးနှင့်လူမှုရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိုင်ငံတော်၏ နိုင်ငံရေးနှင့် စီးပွားရေး ပြောင်းလဲတိုးတက်ဖွံ့ဖြိုးနေမှုအခြေအနေများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုတို့ ခိုင်မြဲနေရန်လိုအပ်ပုံများကို ရှင်းလင်းပြောကြားပြီး ရပ်စောက်မြို့နယ် ဖွံ့ဖြိုးရေး၊ ဒေသဆန်ဖူလုံပိုလျှံနေရေး၊ အောင်မြင်ဖြစ်ထွန်းနေသည့် သရက်ပင် အပါအဝင် နှစ်ရှည်ပင်များ ဆက်လက်တိုးချဲ့စိုက်ပျိုးရေးတို့ကို နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ဖိဖိစီးစီး ဦးဆောင်ဦးရွက်ပြု၍ စည်းရုံးလုပ်ကိုင် ဆောင်ရွက်သွားရန်မှာကြားကာ မြို့နယ်၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းညှိနှိုင်းပေးသည်။

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံအမှာစကားပြောကြား

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ညဇနာရီခွဲတွင် ဗထူးတပ်မြို့ တပ်နယ်ဧည့်ရိပ်သာခန်းမ၌ ရပ်စောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နာယက ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှ၊ တောင်ကြီးခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ ရပ်စောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးချစ်အေး(အငြိမ်းစား)နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

တွေ့ဆုံပွဲတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စစ်မှုထမ်းဟောင်းအဖွဲ့တွင် အဖွဲ့ဝင်များ တိုးတက်ရေး၊ အဖွဲ့ဝင်များအနေဖြင့် အဖွဲ့၏လုပ်ငန်းလမ်းစဉ်များနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အဖွဲ့ဝင်များ၏ စားဝတ်နေရေး သက်သာချောင်ချိအောင် ပံ့ပိုးကူညီနိုင်ရေးအတွက် စီးပွားဖြစ်ထွန်းနိုင်သော စိုက်ပျိုးမှု၊ မွေးမြူမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြရေး၊ ပြည်သူများအားဦးဆောင်စည်းရုံးလက်တွဲဆောင်ရွက်ရေး၊ အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခို့။

၂၀၀၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၂၇၆၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

မှော်ဘီ၊ ထန်းတပင်နှင့်တိုက်ကြီးမြို့နယ်များရှိ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ တိုင်းမှူးပိုလ်မှူးချုပ်လှရွှေဝင်းစစ်ဆေး၊ လျာထားချက်အတိုင်းပေးဝေနိုင်ရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၈ ရက်နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်များသို့သွားရောက်၍ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် အဖွဲ့ဝင်များသည် ဧပြီ ၈ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကြို့ကုန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧက ၅၀၀၀ သို့ ရောက်ရှိလာရာ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်တာဝန်ရှိသူများက စီမံကိန်းမှ စိုက်ပျိုးရေရရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးက စီမံကိန်း လျာထားချက်အတိုင်း စိုက်ပျိုးရေပေးဝေနိုင်အောင် စီမံဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငွေတန်းရှည် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ အရှည်ပေ ၁၃၇၀၀ ရှိသည့် ပင်မမြောင်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ် ရေပေါ်သောင် ကျေးရွာအနီးရှိ ရေပေါ်သောင်တံတားသို့ ရောက်ရှိလာပြီး ရေပေါ်သောင် လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ လက်တံမြောင်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်က စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် တော်လတီကျေးရွာအနီးရှိ သပြေတန်းလျှပ်စစ်ရေတင်စီမံကိန်း ဧက၅၀၀၀သို့ လည်းကောင်း၊ တိုက်ကြီးမြို့နယ် ရွာသာရွာအနီးရှိ အိုင်ကလောင် လျှပ်စစ်မြစ်ရေတင် စီမံကိန်း ဧက ၅၀၀၀သို့ လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးရာ တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် စီမံကိန်း တာဝန်ခံများက စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက နွေစပါးခင်းများ စိုက်ပျိုးရေမပြတ်ရရှိအောင် စီမံဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အိုင်ကလောင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏လက်တံမြောင်းများအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥတို စိုက်ပျိုးရေးနှင့် မွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ စခန်းရှိ ရွှေဝါထွန်းခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာန ဌာနမှူး ဦးကျော်ဝင်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေရရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက်လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးစခန်းရှိ ဂေါက်ကွင်းအနီး၌ ခြံစည်းရိုးကြက်ဆူပင်များ အမှတ်တရ စုပေါင်းစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် ဥတိုကျေးရွာအနီးရှိ နွေစပါး ပန်းတိုင် အထွက်နှုန်း အထူးဇုန် ဧက ၅၀၀ သို့ရောက်ရှိလာပြီး တောင်သူဦးအောင်ကျော်မြင့်၏ လယ်မြေအတွင်း နွေစပါးပန်းတိုင်အထွက်နှုန်း ကျော်လွန်စေရန်အတွက် အထွက်နှုန်း မိတ်ဖက်အချက်များကို စနစ်တကျ တွက်ချက်၍ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဆင်းသွယ်လတ်စပါးမျိုး နွေစပါးစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

အမှတ်တရစိုက်ပျိုးပေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်ကို ကြည့်ရှုအားပေးကြပြီး ခြံစည်းရိုးကြက်ဆူပင်များ အမှတ်တရ စုပေါင်းစိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် တာဂွကျေးရွာအုပ်စုအနီးရှိ တောင်သူဦးအောင်ချစ်၏ တစ်နှစ်စပါးသုံးသီးစိုက်ခင်းသို့ ရောက်ရှိလာပြီး တစ်မိုးနှစ်သီး (နွေစပါး-ဒုတိယသီးနှံ) စိုက်ပျိုးရန် စုပေါင်းထွန်းယက်နေမှုနှင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီး၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြောင်းတကာ သံမဏိဇုန် ဖော်ထုတ်ရေး စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန စီမံကိန်း(ရေ/ရေသန့်) ညွှန်ကြားရေးမှူး ဦးအောင်ထွန်းက စက်မှုဇုန် စီမံကိန်း ဖော်ထုတ်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက စီမံကိန်းနှင့် ဆက်စပ်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက စီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ် ကံကလေးကျေးရွာအနီးရှိကံကလေး လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧက ၅၀၀၀ ကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရတနာမဉ္ဇူဓမ္မရိပ်သာ တရားစခန်း

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၁၁မိုင် (၁)ရပ်ကွက် ၂ လမ်း ရတနာမဉ္ဇူဓမ္မရိပ်သာတွင် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ ဩဝါဒခံ အနာဂါမ်ဆရာသက်ကြီး၏ တရားရှုမှတ်နည်းဖြင့် ကမ္မဋ္ဌာနာစရိယချုပ် (မဟာသဒ္ဓမ္မဇောတိကဓဇ)ဆရာကြီး ဦးသန်း(ဒလ/ပျော်ဘွယ်ကြီး)နှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)တို့ဦးစီး၍ သမထဝိပဿနာ ခုနစ်ရက်တရားစခန်းကို မေ၄ရက်မှ ၁၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသည့် သံဃာတော်များ မေ ၂ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီးအရဏ်ဆွမ်းနှင့် အအေးလှူဒါန်းလိုပါက ရတနာမဉ္ဇူဓမ္မရိပ်သာဖုန်း-၆၆၃၈၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပုသိမ်မြို့ အမှတ်(၄)အထပ်သားစက်ရုံကြည့်ရှု အထပ်သားများ ထုတ်လုပ်နေမှုနှင့် ပြည်ပပို့ရန်ပြင်ဆင်ထားမှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၉ ရက် နံနက်ပိုင်းက ပုသိမ်မြို့ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၄) အထပ်သားစက်ရုံသို့ရောက်ရှိလာရာ စက်ရုံရှင်းလင်းဆောင်၌ သစ်အခြေခံစက်မှုလုပ်ငန်းဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးတင်စိုးက စက်ရုံ၏ လည်ပတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စက်ရုံမန်နေဂျာ ဦးသန်းနိုင်ဦး၊ စက်ရုံနှင့်အကျိုးတူဆောင်ရွက်နေသော ဝင်းအန်ဝင်းကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဆွေတို့က ရှင်းလင်းတင်ပြရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် အထွေထွေမန်နေဂျာ ဦးအေးဝင်းတို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက်ဝန်ကြီးသည် စက်ရုံမှထွက်ရှိသော သစ်ခွဲသားများကို ဝယ်ယူနေသည့် ဂျပန်နိုင်ငံ ရောရှိမရကုမ္ပဏီမန်နေဂျင်းဒါရိုက်တာနှင့် သစ်ဈေးကွက်အခြေအနေများကိုဆွေးနွေးပြီး စက်ရုံနှင့်ပတ်သက်၍ မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်းသစ်ပါးလွှာနေမှု၊ ဓားသွေးနေမှု၊ အထပ်သားများထုတ်လုပ်နေမှုနှင့်ထုတ်လုပ်ပြီး အထပ်သားများ ပြည်ပတင်ပို့ရန် ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၁၃) သစ်စက်သို့ရောက်ရှိပြီး မြစ်အတွင်းမှ သစ်လုံးများဆွဲတင်၍ သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး မန်နေဂျာ ဦးခင်မောင်တင့်က ရှင်းလင်းတင်ပြပြီး အထွေထွေမန်နေဂျာ ဦးဝေလင်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက သစ်လုံးခွဲစိတ်ရာတွင် ကုန်ချောထွက်ရှိမှုများအောင် တစ်လုံးချင်း စနစ်တကျခွဲစိတ်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ ပုသိမ်အနောက် သစ်ထုတ်ရေးဒေသ မရမ်းချောင်း စက်ပြင်အလုပ်ရုံသို့ရောက်ရှိရာ ဒေသလက်ထောက်အထွေထွေမန်နေဂျာ ဦးမောင်မောင်မြင့်က အလုပ်ရုံ၏ လုပ်ငန်း ဆောင်ရွက်နေပုံများကိုရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး အလုပ်ရုံ၏ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပုသိမ်မြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၁၈) သစ်စက်သို့ရောက်ရှိပြီး စက်ရုံ၏ သစ်ခွဲစိတ်လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးစောထီးသာတောက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

12-4 (11).p65 1 1/13/32, 3:06 PM

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်ထုတ် စာအုပ်များထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၁၁

စာပေချစ်မြတ်နိုးသူများအတွက် စာကောင်းပေမွန်များကိုသာ ရွေးချယ်ထုတ်ဝေပေးလျက်ရှိသော နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ စာပေဗိမာန် ဖုန်း–၃၇၄၅၃၂ က အောက်ပါစာအုပ်များကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ဗိုလ်ချုပ်အောင်ကြည်၏

ခေါင်းဆောင်များအတွက်ဆုံးဖြတ်ချက်(ပဉ္စမအကြိမ်)

မည်သည့်နေရာဌာနတွင်မဆို အကြီးအကဲ ခေါင်းဆောင် ဖြစ်လိုသူများအတွက် အရေးပါ အရာရောက်သောအကြောင်းအရာများကို အခန်း(၁၂)ခန်းခွဲ၍ ရေးသားတင်ပြထားသည်။ ယနေ့ကာလကဲ့သို့ သတင်းနှင့်ပြန်ကြားရေးခေတ်ကြီးတွင် ကမ္ဘာလောကတစ်ခုလုံးသည် သတင်းအချက်အလက် အမြောက်အမြားကို စဉ်ဆက်မပြတ် တိုးပွားထုတ်လုပ်လျက်ရှိရာ ရရှိလာသောသတင်းများကို ပဲ့ကိုင်ထိန်းချုပ်နိုင်ရန်အတွက် လိုအပ်သည့်ဉာဏ်ပညာအရင်းအမြစ်တည်နိုင်ရေး အကျယ်ပြန့်ဆုံးသောအမြင်ကို လျင်မြန်စွာ သိမှတ်နိုင်စွမ်းရှိခြင်းဖြင့်သာ ဆုံးဖြတ်နိုင်ရေးတို့ကို စာရေးသူက ရှင်းရှင်းလင်းလင်း သွက်သွက်လက်လက် ရေးသားတင်ပြထားသည်။ ဂူဖရီးစက္ကူဖြူချော စာမျက်နှာ၂၆၀ကျော် တစ်အုပ်ရောင်းဈေး ငွေကျပ်၁၈၀၀။ **(ဝဲပုံ)**

ပခုက္ကူ ဦးအုံးဖေ၏

ပစ္စတိုသေနတ်နှင့်ကျေးဇူးဆပ်သူ

စာရေးဆရာကြီး ပခုက္ကူဦးအုံးဖေ၏ ကိုယ်တွေ့ဖြစ်ရပ်များကို ဝတ္ထုရှည်ပုံသဏ္ဌာန်ဖြင့် ဘဝ၏အဆိုးအကောင်းများကို အကျိုးအကြောင်း ဆက်စပ်ယှဉ်တွဲလျက် သင်ခန်းစာရယူဖွယ်၊ တွေးတောဆင်ခြင်ဖွယ်ရေးသား တင်ပြထားသည်။ ဤစာအုပ်တွင် လူတို့၏စိတ်နေသဘောထားနှင့် အမူအကျင့်ဓလေ့စရိုက်မျိုးစုံတို့ကို ရောင်စုံခြယ်ထားသော ပန်းချီကားအသွင် ရှုမြင်ရမည်။ အမှားနှင့်အမှန်ကို ခွဲခြားလိုသူတိုင်း ဘဝအောင်မြင်မှုကို ရရှိလိုသူတိုင်း ဖတ်ရှုသင့်သောစာအုပ်တစ်အုပ်ဖြစ်ပြီး ဆယ်ချိုးဆိုဒ်စာမျက်နှာ ၄၃၀ကျော် စက္ကူချော အပ်ကတ်အဖုံးဖြင့် ရောင်းဈေးကျပ် ၂၅၀၀။ **(ယာပုံ)**

ဝင်းဝေနောင်၏

ထူးဆန်းသောကြေးမီးခွက်နှင့် နိုင်ငံတကာပုံပြင်များ

တရုတ်၊ အိန္ဒိယ၊ တူရကီ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ လာအိုအစရှိသော နိုင်ငံများမှ ရိုးရာပုံပြင်အပုဒ်၂၀ကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်သည်။ လှပသောပန်းချီသရုပ်ဖော်ပုံများဖြင့် စာမျက်နှာ၂၀၀ ရောင်းဈေး ကျပ်၇၀၀။

မောင်ဆန္ဒ(လယ်ဝေး)၏ ကမန်မျိုးနွယ်စုသမိုင်း

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအနက် ရခိုင်တိုင်းရင်းသားများတွင် အကျုံးဝင်သည့် ကမန်တိုင်းရင်းသားများအကြောင်းကို ကမန်မျိုးနွယ်စု စတင်ဖြစ်ပေါ်လာမှုအခြေခံမှအစပြု၍ ယင်းတို့၏ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ နိုင်ငံတော်နှင့် အမျိုးသားရေးအတွက် ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ စီးပွားရေး၊ ပညာရေး၊ အားကစားကဏ္ဍ အသီးသီးတွင် ပါဝင်ဆောင်ရွက်ကြပုံများ၊ စိတ်ဝင်စားဖွယ်၊ ဗဟုသုတရဖွယ် ရေးသားတင်ပြထားသည်။ ဂူဖရီးစက္ကူအဖြူချော၊ အပ်ကတ်အဖုံးဖြင့် ရောင်းဈေးကျပ်၁၀၀၀ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် အမှတ်ပေးပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

အဆင့်မြင့်တန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲပြီးစီး စွမ်းအင်က မြို့တော်စည်ပင်ကို အနိုင်ရဗိုလ်ခွဲ

ရန်ကုန် ဧပြီ ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ၃နာရီ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ စွမ်းအင်အသင်းက မြို့တော်စည်ပင်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အဆင့်မြင့်တန်းမှ ထိပ်သီးအသင်းများကို အနိုင်ယူကျော်ဖြတ်ပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာသော စွမ်းအင်အသင်းသည် မြို့တော်စည်ပင်အသင်း၏ ဦးဆောင်ဂိုးသွင်းယူခြင်းကို ခံရသော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူကာ ထိုက်တန်စွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချေပဂိုး

မြို့တော်စည်ပင် အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်း၁၂မိနစ်တွင် ဇော်နိုင်ထွန်းက သွင်းယူပေးသည်။ စွမ်းအင်အသင်းအတွက် ချေပဂိုးကို ၇၉မိနစ်တွင် ကျော်မျိုးဟန်က အလွတ်တည်ကန်ဘောမှ တစ်ဆင့်တိုက်ရိုက်ကန်သွင်းယူသည်။

အနိုင်ဂိုး

စွမ်းအင်အသင်း ချေပဂိုးရရှိပြီးနောက် အဆက်မပြတ် ထိုးဖောက်ကစားရာ အနိုင်ဂိုးထပ်မံရရှိခဲ့သည်။ စွမ်းအင်အသင်းအတွက် ဒုတိယဂိုးကို ၈၁မိနစ်တွင် နိုင်ဝင်းဂိုးရှေ့သို့ ဖြတ်ထိုးပေးသည့် ဘောလုံးကို ဝေယံမောင်က ကန်သွင်းယူ၍ ရရှိခဲ့ခြင်းဖြစ်သည်။ မြို့တော်စည်ပင်အသင်းက ချေပဂိုး ရရှိရေးကြိုးစားသော်လည်း စွမ်းအင်အသင်းက အချိတ်အဆက်မိမိ ကစားသွားရာ ပွဲအပြီးတွင် နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်း ဖြစ်သည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ၂၀၀၅–၂၀၀၆ ခုနှစ် ဘောလုံးရာသီအတွက် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်က အမှတ်ပေးပြိုင်ပွဲ၌ ပဉ္စမရရှိသော တံခွန်အသင်းအား ငွေကျပ်ငါးသိန်း၊ အမှတ်ပေးပြိုင်ပွဲ၌ စတုတ္ထရရှိသော စွမ်းအင်အသင်းအား ငွေကျပ်၁၀သိန်းကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနော်တောင်က အမှတ်ပေးပြိုင်ပွဲ၌ တတိယရရှိသော ပို့ဆောင်ရေးအသင်းအား ငွေကျပ်သိန်း ၂၀၊ အမှတ်ပေး ပြိုင်ပွဲ၌ ဒုတိယရရှိသော စီးပွား/ ကူးသန်းအသင်းအား ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ရွှေဖိနပ်ဆု

ဆက်လက်၍ Gankul International & Engineering Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဇေယျသူရမွန်က ၂၀၀၅–၂၀၀၆ ခုနှစ် ဘောလုံးရာသီ၌ ဒုတိယဂိုးအများဆုံး သွင်းသူဆုရရှိသော ပြည့်ဖြိုးဦးအား ငွေကျပ်သုံးသိန်း၊ ငွေဖိနပ်ဆုနှင့် Fresh Air-Con ကိုလည်းကောင်း၊ ဂိုးအများဆုံး သွင်းသူဆု ရရှိသော ကျော်ဇင်ဝင်း(စီးပွား/ကူးသန်း)အား ငွေကျပ်ငါးသိန်း၊ ရွှေဖိနပ်ဆုနှင့် Fresh Air-Con ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ရွှေဘောလုံးဆု

ထို့နောက် Accel International Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Alvin Law က ၂၀၀၅–၂၀၀၆ ခုနှစ် ဘောလုံးရာသီ၌ ဒုတိယအကောင်းဆုံးဘောလုံးသမားဆုရရှိသော ပြည့်ဖြိုးဦး(ပို့ဆောင်ရေး)အား ငွေကျပ်ခုနစ်သိန်းနှင့် ငွေဘောလုံးဆုကိုလည်းကောင်း၊ အကောင်းဆုံးဘောလုံးသမားဆုရရှိသော ဇော်ထက်အောင်(စွမ်းအင်)အား ငွေကျပ်၁၁သိန်းနှင့် ရွှေဘောလုံးဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင်ဦးတင်အောင်(ဂိုး)က ကွင်းပိတ်ပြိုင်ပွဲ၌ ဒုတိယရရှိသော မြို့တော်စည်ပင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း၂၀ ကိုလည်းကောင်း၊ ကွင်းပိတ်ပြိုင်ပွဲ၌ ပထမဆုရရှိသော စွမ်းအင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်း

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က အမှတ်ပေးပြိုင်ပွဲ၌ ပထမရရှိသော ဘဏ္ဍာ/အခွန်အသင်းအား တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဖလားနှင့် ငွေကျပ်သိန်း၅၀ကိုလည်းကောင်း၊ ကွင်းပိတ်ပြိုင်ပွဲ၌ ပထမရရှိသော စွမ်းအင်အသင်းအား တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဖလားနှင့် ငွေကျပ်သိန်း၃၀ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် ဧပြီ ၁၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ယမန်နေ့ ညနေပိုင်းတွင် လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင် ဂေါက်ကလပ်၌ ကျင်းပသည်။

နှုတ်ခွန်းဆက်

နောက်ဆုံးဗိုလ်လုပွဲ၏(၁၈) ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကိုကျင်းပရာ IBTCမှ ဒါရိုက်တာ ဦးတင့်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆုများပေးအပ်ချီးမြှင့်

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနော်တောင်က ကျင်းအမှတ်(၃)တွင် ၁၀ပေ၊ ၇လက်မဖြင့် Nearest to the Pin ဆုရရှိသော စိန်အေးအားလည်းကောင်း၊ ကျင်းအမှတ်(၁၈)တွင် ကိုက် ၂၈၀ ဖြင့် Longest Drive ဆုရရှိသော ထူးခိုင်ဝင်းအားလည်းကောင်း နောက်ဆုံးဗိုလ်လုပွဲတွင် အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ကျင်းပသောပြိုင်ပွဲ၌ Hole-in One ဆုရရှိသော အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဇော်လင်းအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ IBTC မှ Production ဒါရိုက်တာ ဦးဇော်ထိုက်က Pro - AM အသင်းလိုက်ပြိုင်ပွဲတွင် Nett Total ၅၄ချက်ဖြင့် ပထမရရှိသော မောင်ပြုံး(Professional)နှင့် သန်းဟန်၊ စိုးသန်းထွန်းနှင့် ဘိုတောက်(Amateur)တို့အားလည်းကောင်း၊ Nett Total ၅၄ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇင်ဝင်း(Professional)နှင့် စိန်မြင့်အောင်၊ မောင်မောင်နှင့် ကိုကိုအောင် (Amateur)တို့အားဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးအောင်ကြည်က Professional Golfers ပြိုင်ပွဲတွင် ပထမ ဇော်ဇင်ဝင်း၊ ဒုတိယ ဇော်ဇော်လတ်၊ တတိယမြင့်သန်း၊ စတုတ္ထ နေလင်းထွန်းနှင့် ပဉ္စမ စိုးကျော်နိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပထမ

ဆက်လက်၍ IBTCမှ ဒါရိုက်တာ ဦးတင့်ဦးက Match Play ပြိုင်ပွဲတွင် ပထမရရှိသော သန်းဝင်း(လားရှိုး)အား ရွှေဆွဲပြားဆုကို ပေးအပ်ချီးမြှင့်ပြီး၊ ဒုတိယရရှိသော ဖြိုးကျော်ကျော်၊ တတိယရရှိသော အောင်ဆန်းနှင့် စတုတ္ထရရှိသော သန့်ဇင်ဦးတို့အား သတ်မှတ်ထားသောဆုများကို ပေးအပ်ချီးမြှင့်သည်။ ပထမရွှေဆွဲပြားဆုရရှိသော သန်းဝင်း(လားရှိုး)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် IBTCမှ ဒါရိုက်တာ ဦးတင့်ဦးက ပန်းလှိုင် ဂေါက်ကလပ်သို့ အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ Spa Group မန်နေဂျင်းဒါရိုက်တာ ဦးကျော်ပိုင်က လက်ခံသည်။

ညှော့ခံဖျော်ဖြေ

ဆုချီးမြှင့်ပွဲအပြီးတွင် IBTC မှညစာစားပွဲဖြင့် တည်ခင်းညှော့ခံပြီး ဂီတဖြင့်ဖျော်ဖြေကြသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Grand Plaza Parkroyal Hotel၊ Srixon၊ Crusher Club Soda တို့က အသီးသီး ကူညီကြပြီး ပန်းလှိုင်နောက်ဆုံးဗိုလ်လုပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၁၁

ဧပြီ၇ရက် ည၉နာရီ ၅၃မိနစ်တွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် (၇)ရပ်ကွက် ကုန်သည်လမ်းနှင့် ၃၉ လမ်းထောင့် အမှတ် (၅၀၄/၅၀၆) ကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းချုပ် ဒုတိယအထပ်၌ မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် ရုံးသုံးပစ္စည်းများနှင့် အနီးရှိ လူနေအိမ်ခန်းငါးခန်းမီးလောင်ခံရပြီး ငွေကျပ် ၈၀၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

ဧပြီ၉ရက် နံနက်၆နာရီ မိနစ်၂၀တွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် စက်မှုလက်မှုဇုန်(၉)ရပ်ကွက် ဘောဂလမ်း အမှတ်၁၄၇နေ ဦးသိန်းနိုင်၏ (၇၇၇) ပလတ်စတစ်စက်ရုံ၌ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းရာ မီးလောင်မှုကြောင့် ပလတ်စတစ်အစဟောင်းများ မီးလောင်ခံရပြီး ငွေကျပ် ၂၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

ဧပြီ၁၀ရက် နံနက်၂နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရှမ်းစုမြောက်ရပ်ကွက် ဗထူးလမ်း အမှတ်၁၂၀ ဟာ့ဒ်ဝဲကုန်စုံဆိုင် ပိုင်ရှင်ဦးစိန်ဦးနေအိမ်၌ ခြင်ဆေးခွေထွန်းရာမှ စတင်လောင်ကျွမ်းရာ မီးလောင်မှုကြောင့် ကုန်စုံဆိုင်ပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ် ၅၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပရီမီယာရှစ်ပွဲစဉ်(၃၄) ဘောလုံးပြိုင်ပွဲများ

ဧပြီ ၁၄ရက်နှင့် ၁၅ရက်ညပိုင်း၌ အကြိတ်အနယ် နွှဲကြမည်

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဧပြီ ၁၁

ပရီမီယာရှစ်ပွဲစဉ်(၃၄)ပြိုင်ပွဲများကို ဧပြီ ၁၄ ရက်နှင့် ၁၅ ရက်ညပိုင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ချန်ပီယံချယ်လ်ဆီးက ဝက်စ်ဟမ်းအသင်းကို လွန်ခဲ့သောအပတ်က အနိုင်ကစားပြီး ရှေ့ဆုံးမှပြေးနေချိန်တွင် မန်ယူကလည်း အာဆင်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ သွင်းပြီး အားမာန်အပြည့်ဖြင့် နောက်မှလိုက်လျက်ရှိသည်။

မန်ယူနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင် ကစားရာတွင် မန်ယူ တိုက်စစ်မှူး ရွန်နေ အာဆင်နယ် နောက်ခံလူများကြားမှ ဤသို့ ကန်သွင်းယူခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

ပျောက်ကွယ်သွား

ချန်ပီယံလိဂ် အကြို ဗိုလ်လုပွဲရောက် အာဆင်နယ်အသင်းကိုပင် မန်ယူက နှစ်ဂိုးသွင်းပြီး နောက်မှလိုက်လာခြင်းဖြစ်သည်။ချယ်လ်ဆီးနှင့်မန်ယူတို့သည်ခုနစ်မှတ်အကွာဖြင့်ဆက်လက်ကွာဟနေဆဲ ဖြစ်သည်။ မန်ယူနှင့် ရမှတ်များ ကျဉ်းမြောင်းလာသဖြင့် ချယ်လ်ဆီးတို့ အနိုင်ရရှိရေးခြေလှမ်းများ သွက်လက်မြန်ဆန်စွာဖြင့် ရေကုန်ရေခန်းကစားလာသည်ကိုတွေ့ရသည်။ လွန်ခဲ့သောသုံးပတ်က ချယ်လ်ဆီးတို့ သွေးအေးအေးဖြင့် ကစားသည့် ကစားကွက်များ ပျောက်ကွယ်သွားသည်။

သုံးမှတ်ရယူ

ဧပြီ ၁၄ရက် ညပိုင်းတွင် မန်ယူကအိမ်ကွင်း၌ ဆန်းဒါးလင်းအသင်းကို လက်ခံ ကစားမည်ဖြစ်သည်။ လက်ရှိခြေစွမ်းအရ မန်ယူတို့ သေချာပေါက် သုံးမှတ်ကို ရယူလိမ့်မည်ဖြစ်သည်။

အကြိတ်အနယ်ကစားမည့်ပွဲ

ဧပြီ၁၅ ရက်ညပိုင်းတွင် အကြိတ်အနယ်ပွဲအဖြစ် ဘော်လ်တန်နှင့် ချယ်လ်ဆီးပွဲကို ကြည့်ရှုကြရမည် ဖြစ်သည်။ ဘော်လ်တန်အသင်းမှာ လွန်ခဲ့သော သုံးပွဲတွင် ဆက်တိုက်ရှုံးထားခဲ့သည်။ ယင်းသုံးပွဲတွင် မန်ယူနှင့် လီဗာပူးကဲ့သို့သောအသင်းကြီးများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ယခုတစ်ဖန် ချယ်လ်ဆီးနှင့် ရင်ဆိုင်ရပြန်သည်။ ဘော်လ်တန်တို့ နိုင်ပွဲပြန်စနိုင်ရေးအတွက် အကြိတ်အနယ်ကစားရလိမ့်မည့်ပွဲဖြစ်သည်။

ပွဲကြီးပွဲကောင်း

ထိုနေ့တွင်အာဆင်နယ်နှင့် ဝက်စ်ဘရွန်းအသင်းတို့လည်း ကစားကြမည်ဖြစ်သည်။ ယင်းပွဲသည် အာဆင်နယ် အသင်းအတွက် ချန်ပီယံလိဂ်နေရာအတွက် အရေးကြီးသည့်ပွဲဖြစ်သကဲ့သို့ ဝက်စ်ဘရွန်းအသင်းအတွက်လည်း တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် အရေးကြီးသည့် ပွဲကြီးပွဲကောင်းဖြစ်သည်။

မျှော်လင့်ထား

သို့ရာတွင် အာဆင်နယ်က ဝက်စ်ဘရွန်းကို အနိုင် ကစားပြီး ဘလက်ဘန်း၏ နံပါတ်(၅)နေရာကို ခြိမ်းခြောက် ခုန်တက်လာဖွယ် ရှိနေသည်။



ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်းတို့ ယှဉ်ပြိုင်ခဲ့စဉ်က ချယ်လ်ဆီး တိုက်စစ်မှူး ခရက်စ်ပို ဝက်စ်ဟမ်းအသင်းဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၅ ရက် ညပိုင်းတွင် အဲဗာတန်နှင့် စပါးစ်အသင်း တို့လည်း အကြိတ်အနယ်ပွဲ ဖြစ်လာနိုင်သည်။ ယင်းပွဲသည် စပါးစ်အသင်းအတွက် ချန်ပီယံလိဂ်နေရာ လက်လွတ်မဆုံးရှုံးရေးအတွက် အကြိတ်အနယ်ကာကွယ်ရမည့်ပွဲ ဖြစ်သည်။ စပါးစ်အသင်းသည် ရမှတ်၅၈မှတ်ဖြင့် နံပါတ် (၄) နေရာတွင် ရှိနေသည်။ စပါးစ်အသင်းသည် ခြေမှန်ကစားနိုင်သည့် အသင်းကောင်းဖြစ်သည်။

အသင်းကောင်း

ထိုနေ့တွင် နယူးကာဆယ်နှင့် ဝီဂန်တို့လည်းအကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။နယူးကာဆယ်အသင်းသည် မကြာသေးမီက အတော်အတန်ကောင်းလာသည့်အသင်းဖြစ်ပြီး လွန်ခဲ့သော နှစ်ပွဲတွင် အနိုင်ရထားသည့်အသင်း ဖြစ်သည်။ ဝီဂန်အသင်းသည်လည်း ခြေရည်တူကစားနိုင်သည့် အသင်းကောင်း ဖြစ်သည်။

ယှဉ်ပြိုင်

ထိုနေ့တွင် ပို့စ်မောက်နှင့်မစ်ဒယ်ဘရော့၊ ဝက်စ်ဟမ်းနှင့် မန်စီးတီးတို့လည်း သူတင်ကိုယ်တင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း မြန်မာ့အလင်း ဘောလုံးပရိသတ်အား ကြိုတင်သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာရှစ်တန်းဆင်းဇုန် လွတ်မြောက်ရေး

ဘာမင်ဂမ်၊ ဝက်စ်ဘရွန်းနှင့် ပို့စ်မောက် အကြိတ်အနယ်ရုန်းကြမည်

လန်ဒန် ဧပြီ ၁၁

ပရီမီယာရှစ် ဘောလုံးရာသီကုန်ဆုံးရန် ငါးပွဲသာလိုတော့၍ အောက်ပိုင်းအသင်းများ တန်းဆင်းဇုန်လွတ်မြောက်ရေးအတွက် အကြိတ်အနယ်ပွဲများ ဖြစ်လာဖွယ်ရှိသည်။

နှစ်သင်းဆင်းပေးရမည်

ဘာမင်ဂမ်၊ ဝက်စ်ဘရွန်းနှင့် ပို့စ်မောက်အသင်းသုံးသင်းထဲမှ နှစ်သင်းတန်းဆင်းဇုန်ကို ဆင်းရလိမ့်မည်ဖြစ်သည်။ အောက်ဆုံးတွင် ဆန်းဒါးလင်းအသင်းရှိသည်။ ၎င်းဆန်းဒါးလင်းအသင်းအထက်မှ ဖော်ပြပါ သုံးသင်းထဲမှ နှစ်သင်းဆင်းပေးရလိမ့်မည်ဖြစ်သည်။

ပို့စ်မောက်အသင်း မန်နေဂျာဟယ်ရီရက်ဒ်နက်

အနိုင်ရထား

အဆိုပါ ဘာမင်ဂမ်၊ ဝက်စ်ဘရွန်းနှင့် ပို့စ်မောက်အသင်းတို့သည် ၃၃ ပွဲကစားရာတွင် ၇ပွဲစီသာ အနိုင်ရထားကြသည်။ ဘာမင်ဂမ်က ၂၉မှတ်၊ ဝက်စ်ဘရွန်းနှင့် ပို့စ်မောက်တို့ ၂၈မှတ်စီ ရထားကြသည်။

ပို့စ်မောက်အသင်းသည် ပြီးခဲ့သော သီတင်းပတ်က ဘလက်ဘန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် အနိုင်ရသင့်သည့် အနေအထားရှိခဲ့သည်။ သို့ရာတွင် နှစ်ဂိုး-နှစ်ဂိုး သရေကျခဲ့သည်။

ပို့စ်မောက်တို့ ကျန်ငါးပွဲတွင် အသေအချာ မကစားနိုင်လျှင် တန်းဆင်းဇုန်သို့ဆင်းရန် သေချာလိမ့်မည်ဖြစ်ကြောင်း အသင်းနည်းပြက ပြောကြားသည်။

ပို့စ်မောက်မန်နေဂျာ ဟယ်ရီရက်ဒ်နက်က သူ၏အသင်းသားများ ယုံကြည်မှုအားကောင်းလာကြောင်း၊ ကစားကွက်များ အလွန်ကောင်းလာကြောင်း၊ လာမည့်လေးငါးပတ်ကစားအပြီး တန်းဆင်းဇုန်လွတ်မြောက်မှုကို ပြသနိုင်မည်ဟု မျှော်လင့်ရကြောင်း၊ လွန်ခဲ့သော လေးပွဲကစားခဲ့ရာတွင် ၁၀မှတ် တက်လာကြောင်း၊ ယင်းသည် ပရိသတ်များက ၎င်းတို့အပေါ် ယုံကြည်မှုတိုးလာကြောင်း ပြောကြားသည်။

အောင်မြင်မှုအရှိဆုံး

ပို့စ်မောက်မန်နေဂျာဟယ်ရီရက်ဒ်နက်သည် ပို့စ်မောက်အသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်အောင်မြှင့်တင်ပေးနိုင်ခဲ့လျှင် ၎င်းသည် အောင်မြင်မှုအရှိဆုံး နည်းပြဖြစ်လာဖွယ်ရာရှိသည်။

ဝက်စ်ဘရွန်းအသင်းသည် လွန်ခဲ့သော သုံးလကျော်က ပို့စ်မောက်အသင်းထက် ကောင်းမွန်စွာ ကစားနိုင်သည့်အသင်းကောင်း တစ်သင်းဖြစ်ခဲ့သည်။ သို့သော်လည်း ဝက်စ်ဘရွန်းအသင်းသည် ဖေဖော်ဝါရီလကတည်းက နိုင်ပွဲများရရှိအောင် ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ကြိုးစားကာကွယ်

သို့ဖြစ်၍ တန်းဆင်းဇုန်ရောက် ပရီမီယာရှစ်အသင်းများသည် ကျန်ရှိသည့်ပွဲစဉ်များတွင် တန်းဆင်းဇုန် မဆင်းရရေးအတွက် အပြင်းအထန် ရုန်းကန်ကာ ဂုဏ်သိက္ခာအတွက် ကြိုးစားကာကွယ်သွားကြလိမ့်မည် ဖြစ်သည်။

(အင်တာနက်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်း သွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ခါသကြိန်အဆိုအက
၇း၁၅	သူချစ်ကိုယ်ချစ်မေတ္တာစစ် တရားတော်(အရှင်ဆေကိန္ဒ) (အပိုင်း-၂)
၇း၄၅	ခါသကြိန်အဆိုအက
၇း၅၅	နိုင်ငံတကာ အနုပညာ ရေးရာ(၁)
၈း၁၅	သင်္ကြန်ဘယ်မှာရှိလဲ
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	ခါသကြိန်အဆိုအက
၈း၃၀	မိုးလေဝသခန့်မှန်းချက်
၈း၃၅	ခါသကြိန်အဆိုအက
၈း၄၀	ပြည်တွင်းသတင်းအကျဉ်း
၈း၅၀	ခါသကြိန်အဆိုအက
၉း၀၀	Myanmar Video °Rhythm
၉း၄၅	ခါသကြိန်အဆိုအက
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	ခါသကြိန်အဆိုအက
၁၀း၀၅	ပေမူမှုသည် ပုံနှိပ်မှုသို့
၁၀း၁၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (အိပ်မက်သင်္ကြန်)
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	အံ့မခန်းဖူးတွေ့စေရာ အလောင်းတော်ကဿပ လိုဏ်ဂူမှာ
၁၁း၀၀	ခါသကြိန်အဆိုအက
၁၁း၀၅	ဆူးလေစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေးလုပ်ငန်း
၁၁း၂၅	ခေတ်အဆက်ဆက် စီးဆင်းအတာသင်္ကြန်တေးသီချင်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁း၂၅	Portsmouth-Arsenal	5-Sports (Live)

၁၃၆၇/၁၃၆၈ ခုနှစ် မဟာသင်္ကြန် အကျ၊ အကြတ်၊ အတက်၊ နှစ်ဆန်းရက်များနှင့် မြန်မာ-ရခိုင် ဝါဆို၊ ဝါကပ်လရက်များကြေညာ

ရန်ကုန် ဧပြီ ၁၁

ဓေယျတုမြန်မာသက္ကရာဇ် ၁၃၆၇ ခု နှောင်းတန်ခူးလဆုတ် ၂ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၇ ခု တာကူးလဆုတ် ၂ ရက်၊ ခရစ်နှစ် ၂၀၀၆ ခုနှစ် ဧပြီ ၁၄ ရက်(သောကြာနေ့)မြန်မာစံတော်ချိန် နံနက် စက် ၈ နာရီ ၃၇ မိနစ် ၄၆ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အကျ ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၇ ခု နှောင်းတန်ခူးလဆုတ် ၃ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၇ ခု တာကူးလဆုတ် ၃ ရက်၊ ခရစ်နှစ် ၂၀၀၆ ခုနှစ် ဧပြီ ၁၅ ရက် (စနေနေ့)သည် မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၇ ခု နှောင်းတန်ခူးလဆုတ် ၄ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၇ ခု တာကူးလဆုတ် ၄ ရက်၊ ခရစ်နှစ် ၂၀၀၆ ခုနှစ် ဧပြီ ၁၆ ရက် (တနင်္ဂနွေနေ့) မြန်မာစံတော်ချိန် နေ့လယ်(နေ့လွဲ)စက် ၁၂ နာရီ ၄၂ မိနစ် ၂၈ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

မြန်မာသက္ကရာဇ် ၁၃၆၈ ခု ဦးတန်ခူးလဆုတ် ၅ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၈ ခု တာကူးလဆုတ် ၅ ရက်၊ ခရစ်နှစ် ၂၀၀၆ ခုနှစ် ဧပြီ ၁၇ ရက် (တနင်္လာနေ့)သည် မြန်မာ-ရခိုင် နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။

ဤတွင် မြန်မာဝါထပ်ရက်ငင်၊ ရခိုင်လထပ်ရက်ငင်မရှိသောနှစ်ဖြစ်သည်။ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့မှာ မြန်မာသက္ကရာဇ် ၁၃၆၈ ခု ဝါဆိုလပြည့်ကျော် ၁ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၈ ခု ဝါဆိုလပြည့်ကျော် ၁ ရက်၊ ခရစ်နှစ် ၂၀၀၆ ခုနှစ် ဇူလိုင် ၁၀ ရက်(တနင်္လာနေ့)တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြ၍ မြန်မာ-ရခိုင်သက္ကရာဇ် ၁၃၆၈ ခု ဝါခေါင်လဆုတ် ၁ ရက်၊ ခရစ်နှစ် ၂၀၀၆ ခုနှစ် ဩဂုတ် ၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဒုတိယပစ္ဆိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက ပစ္စည်းများလှူဒါန်း

ရန်ကုန် ဧပြီ ၁၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များ၏ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမ၌ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်စာရေးဆရာကြီး ဦးစံတင်အောင်(ရွှေဘို) **(အပေါ်ပုံ)** က ၎င်းရေးသားထုတ်ဝေသည့် ငွေကျပ် ၄၂၀၀၀၀ တန်ဖိုးရှိ "သင်၏တန်ဖိုးအမြင့်မားဆုံး ဘယ်လောက်သတ်မှတ်ပါသလဲ" စာအုပ်အုပ်ရေ ၂၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဒေါက်တာအေးကိုနှင့် အမှုဆောင်များက Wheel Chair တစ်စီးအားလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင် စာရေးဆရာကြီး ဦးစံတင်အောင်(ရွှေဘို)က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရခိုင်ရိုးရာ စုပေါင်းနံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ

ရန်ကုန် ဧပြီ ၁၁

၂၀၀၆ခုနှစ်တတိယအကြိမ်မြောက် ကျောက်မြောင်းအတွင်းရှိ ရခိုင်မိသားစုများစုပေါင်းနံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲနှင့် ဆွမ်းဆန်တော်ပဒေသာပင်ဆက်ကပ်လှူဒါန်းပွဲကို ဖြိုးသီဂီရွှေပန်းထိမ်ဆိုင် အမှတ်၄၃ နီကြောခလမ်း ကျောက်မြောင်း တာမွေ ရန်ကုန်မြို့တွင် ဧပြီ၁၂ရက်ညနေ၆နာရီမှ ၉နာရီအထိ ရခိုင်ရိုးရာစုပေါင်း နံ့သာသွေးပွဲကျင်းပပြီး ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)နှင့် ရက္ခိုင်မောင်မယ်အဖွဲ့(ရန်ကုန်)မှ ယိမ်းအကများဖြင့် လာရောက်ချီးမြှင့်ဖျော်ဖြေကြမည်ဖြစ်သည်။ ဧပြီ၁၃ရက်ညနေ၃နာရီခွဲတွင် ဘုရားရေသပ္ပာယ်ပွဲကို ရက္ခိုင်မင်္ဂလာစည်တော်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာမည်သူမဆို လာရောက်ကုသိုလ်ပွားများနိုင်ကြောင်း သိရသည်။

(က-ပ)

သားစားကြိုးမျိုးဗီဇလွှမ်းမိုးသည့် အာဖရိကငါးခူများ ဇီဝိတဒါနငါးလွှတ်ပွဲများတွင် မလွှတ်ကြရန် နှိုးဆော်

ရန်ကုန် ဧပြီ ၁၁

သဘာဝပတ်ဝန်းကျင် ရေပြင်များ၌ သားစားကြိုးမျိုးဗီဇလွှမ်းမိုးသည့် အာဖရိကငါးခူများ လွှမ်းမိုးကျက်စားလာပါက ဒေသခံတိုင်းရင်းငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်နိုင်သဖြင့် ၎င်းငါးခူမျိုးများမွေးမြူခြင်း၊ မျိုးစိုက်ထည့်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ မျိုးပြန့်ပွားစေခြင်း၊ ပြန့်ပွားစေရန်အားပေးကူညီခြင်းမပြုကြရန် ငါးလုပ်ငန်းဦးစီးဌာနအမိန့်ကြော်ငြာဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုအမိန့်ကြော်ငြာစာကို ဖောက်ဖျက်ကျူးလွန်သူများကို ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာ့အတာသင်္ကြန်ကာလ ကျရောက်တော့မည်ဖြစ်ရာ မြန်မာတို့ဓလေ့ထုံးတမ်းအရ ဘုရား၊ ကျောင်း၊ ကန်များတွင် ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပလေ့ရှိသဖြင့် အဆိုပါနေရာများ၌လည်း အာဖရိကငါးခူများ ဘေးမဲ့လွှတ်ပါက ကန်အတွင်းရှိ ငါးများ မျိုးသုဉ်းပျောက်ကွယ်နိုင်သဖြင့် ရောင်းချခြင်းမပြုကြရန် သတိပေးတားမြစ်သည်။

အများပြည်သူနှင့် သက်ဆိုင်ရာဌာနများတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်အရောင်းဌာနများ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး တိုင်းရင်းငါးခူ ဘေးမဲ့လွှတ်လိုသူများ ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ်မှာကြားကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝိတဒါနငါးလွှတ်နိုင်ရန် ငါးသားပေါက်များရောင်းချပေးမည်

ရန်ကုန် ဧပြီ ၁၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းငါးလုပ်ငန်းစခန်း(လေးဒေါင့်ကန်စခန်း)နှင့် (လှော်ကားစခန်း)တို့က ဧပြီ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)တွင် ပြည်သူများ ဇီဝိတဒါနငါးလွှတ်နိုင်ရန် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မင်္ဂလာကန်တော်ကြီး၊ ရွှေပြည်သာမြို့နယ်ရှိ သာစုကန်ဘုရား၊ ဗဟန်းမြို့နယ်ရှိ ရွှေတိဂုံစေတီတော်(သွေးဆေးကန်)နှင့် ကန်တော်ကြီးရှိ ရေချိုငါးဥယျာဉ်တို့၌ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ငါးမြစ်ချင်း၊ငါးတန်၊တီလားပီးယားစသည့် ငါးသားပေါက်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး ကောင်ရေ ၃၀၀၀နှင့်အထက် ကြိုတင်မှာယူလိုသူများအတွက် ဖုန်း-၇၀၈၅၁၉၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀နှင့် ၅၅၅၆၁၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ဖက်သောမိဘများ အမူးထား၍ အမှတ် ၂၂၂၇/က၊ ဇေယျဝတီ ၇လမ်း အရှေ့ ၁၀တောင် ၁၂ရပ်ကွက် သာကေတမြို့နယ်နေ ဦးမျိုးမြင့်အောင်-ဒေါ်စန်းစန်းဝင်း၊ သား မောင်စံလင်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။

(က-ပ)

အရှေ့သိမ်ကျောင်း ဓမ္မရိပ်သာ မိုးကုတ် ၁၀ရက်တရားပွဲ

ရန်ကုန် ဧပြီ ၁၁

မြိတ်မြို့ မြိတ်တောင်ကျေးရွာ အရှေ့သိမ်ကျောင်း မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက်ထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ မူအတိုင်း အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အရှေ့သိမ်ကျောင်း ဆရာတော် ဦးဝိသုတ ဦးစီး၍ ခန္ဓာဉာဏ်ရောက်တရားတော်များကို ယောဂီများအား ဟောပြောပို့ချပေးလျက်ရှိကြောင်း သိရသည်။

(က-ပ)

မန္တလေးမှမှောင်ရိပ်ခိုသူ ဝေဖြိုးနောင်(ခ)နောင်နောင် အချုပ်ခန်းထဲ၌တစ်ယောက်တည်းရှိစဉ် ကြိုးဆွဲချသေဆုံး

ရန်ကုန် ဧပြီ ၁၁

မန္တလေးဈေးချို စည်ပင်သာယာရဲအဖွဲ့မှ တပ်ကြပ်လှမျိုးနှင့်အဖွဲ့သည် မတ်၂၅ရက် နံနက် ၁ နာရီတွင် ကင်းလှည့်စဉ် မှောင်ရိပ်ခိုနေသည့် အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် အကွက်အမှတ်(၂၀၈)နေ (အဖ) ဦးဝင်းရွှေ၏သား ဝေဖြိုးနောင်(ခ)နောင်နောင် (၁၉)နှစ်အားတွေ့ရှိသဖြင့် သီရိဟေမာ အရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် မန္တလေးတိုင်း အမှတ်(၆) ရဲစခန်းသို့ ပို့ဆောင်ခဲ့သည်။

ချုပ်ထားခဲ့

အဆိုပါ မှောင်ရိပ်ခိုသူ ဝေဖြိုးနောင်(ခ)နောင်နောင်အား အမှတ်(၆) ရဲစခန်းက မှောင်ရိပ်ခိုမှု ရဲအက်၃၅(ခ)ဖြင့် အမှုဖွင့်ဖမ်းဆီး၍ အချုပ်ခန်းတွင် ချုပ်ထားခဲ့ရာ အချုပ်ခန်းတွင် ယင်းအချုပ်သားတစ်ဦးတည်းသာ ရှိနေခဲ့သည်။

မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီခန့် ရဲစခန်းကင်းဟောင်းကင်းသစ်လဲလှယ်ချိန်တွင် အချုပ်ခန်းအတွင်း၌ တစ်ဦးတည်းရှိနေသော အချုပ်သားဝေဖြိုးနောင်(ခ)နောင်နောင်သည် ၎င်း၏ ပုဆိုးကို ကြိုးသဖွယ်ကျစ်၍ အချုပ်ခန်းအပေါ်ဆုံးသံတန်း၌ ပတ်ချည်ကာ ကြိုးဆွဲချမည့်ဟန် ပြုလုပ်နေကြောင်း ကင်းဟောင်းအဖွဲ့မှ ရဲတပ်သား မျိုးမြင့်ဝင်းက တွေ့ရှိသဖြင့် အော်ဟစ်တားဆီးပြီး ကင်းမှူး ဦးဆောင်သည့် ကင်းအဖွဲ့က အချုပ်ခန်းအတွင်း သော့ဖွင့် ဝင်ရောက်နေစဉ် အချုပ်သား ဝေဖြိုးနောင် (ခ) နောင်နောင်သည် ပုဆိုးကွင်းကို လည်ပင်းစွပ်လျက် အောက်သို့ ခုန်ချခဲ့သည်။

ကင်းအဖွဲ့က အချုပ်သား ဝေဖြိုးနောင်(ခ) နောင်နောင်အား ရှေးဦးသူနာပြုစုနည်းဖြင့် အသက်ကယ်နိုင်ရန် ဝိုင်းဝန်းကြိုးစားပြီး မော်တော်ယာဉ်ဖြင့် ဆေးရုံသို့ဆောလျင်စွာ ပို့ဆောင်ပေးခဲ့ကြသည်။ သို့သော် ဆရာဝန်၏ စစ်ဆေးစမ်းသပ်ချက်အရ ဆေးရုံရောက်ချိန်၌ အချုပ်သားမှာ အသက်မရှိတော့ကြောင်း သိရှိရသည်။ ထို့ကြောင့် တရားသူကြီးထံ တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ သေမှုသေခင်းစစ်ဆေးခြင်း၊ မှုခင်းဆရာဝန်ကြီး ဒေါက်တာမျိုးဝင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ မှုခင်းဆရာဝန်ကြီး၏စစ်ဆေးချက်အရ အလောင်းတွင် လည်ပင်း၌ ကြိုးဒဏ်ရာတွေ့ရှိရချက်မှတစ်ပါး အခြားသော ပြင်ပဒဏ်ရာများ တစ်စုံတစ်ရာမတွေ့ရှိရကြောင်း ဖော်ပြထားသည်။

ညမှောင်ရိပ်ခိုမှု

အဆိုပါ ဝေဖြိုးနောင်(ခ)နောင်နောင်သည် မန္တလေးတိုင်း အမှတ်(၅)ရဲစခန်းနှင့် အမှတ်(၆)ရဲစခန်းတို့တွင် ညမှောင်ရိပ်ခိုမှု အမှုဟောင်းများ ရှိကြောင်း သိရှိရသည်။

ဝေဖြိုးနောင်(ခ)နောင်နောင်သည် တစ်ကိုယ်လုံးတွင် ဆေးမင်ကြောင်များထိုးထားပြီး မူးယစ်ဆေးဝါးသုံးစွဲခဲ့သည့် အနေအထားမျိုးရှိကြောင်း၊ မိဘများ ပြောဆိုဆုံးမမှုကို မနာခံဘဲ ဆိုးသွမ်းလူငယ်တစ်ဦးဖြစ်ကြောင်းနှင့် အရက်သေစာသောက်စားလေ့ရှိကြောင်း ၎င်း၏ညီအစ်ကိုတော်သူများထံမှ ဖော်ထုတ်ရရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တော်တစ်ခွင် သာစေချင် မီးတွင်းမပေါ်နှင့်

အမြန်ပြန်လာပါ

မနင်းဆီ LLM-၀၄၃၆၅၂ ကလေးတွေ စိတ်အရမ်းပူနေတယ်၊ အပြစ်တွေအားလုံး ခွင့်လွှတ်တယ်၊ ဖြားယောင်းလက်ခံထားသူများ ထိရောက်စွာ အရေးယူမည်။

ဦးမောင်မောင်လှိုင်
၁၃/တကန(နိုင်)၀၀၁၆၄၃။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ၂၀၀၆ခုနှစ် (တတိယအကြိမ်)

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က စီစဉ်သည်

သိမ်ဖြူမော်တော်ယာဉ်အမောင်းသင်ကွင်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်

၁၂-၄-၂၀၀၆ရက် - နံ့သာသွေးပွဲ ညနေ ၄:၃၀ နာရီ

၁၃-၄-၂၀၀၆ရက် - ဘုရားရေသပ္ပာယ်ပွဲ နံနက် ၈ နာရီ

၁၃၊ ၁၄၊ ၁၅၊ ၁၆-၄-၂၀၀၆ရက်

ရခိုင်ရိုးရာရေလောင်းပွဲ - နံနက် ၈ နာရီ-ညနေ ၅ နာရီ

မည်သူမဆို လာရောက်ပါဝင် ဆင်နွှဲနိုင်ကြသည်။

နှစ်သစ်သို့ လှမ်းစို့ကြည်ကြည်

ခိုင်ရွှေကြာ

ပိတောက်ဝါ တန်ခူးလ
ပွင့်ဖူးကြ ကုံကော်
တင့်ထူးလှ ပျံ့ကျော်သည်
ရနံ့တော် လွှန်သင်း
ပုလဲလုံး သဏ္ဌာန်သွယ်သည်
စိတြကြယ် ထွန်းပရောင်လင်း
မိဿမြတ် ရာသီခွင်
သာကြည်လင် သန့်ရှင်း
နာရီတွင် ညီမျှခြင်းကို
မှန်မယွင်း ဖော်ရာ
နေ့သုံးဆယ် ညဥ့်တူထားပါလို့
သိစေသား ထုတ်ပြသေချာ
ပူးနှင့်ကျား ရက်ရာဇာငယ်
ကြွက်,နဂါး ပြဿဒါးမို့
သုံးဖဝါး မွန်းတည့်သည်ပေ
နှစ်သစ်ရည်ခြွေ
ထူးမြတ်သည့် သင်္ကြန်ရေကို
မှန်မသွေ ပက်ဖျန်းစို့လေး။ ။

ရှေးလူကြီးများသည် တစ်နှစ်တစ်ခါ သင်္ကြန်ပွဲတော်ဖြင့် နှစ်သစ်ကို ကြိုဆိုမြဲ ဖြစ်သည်။ ကြိုဆိုပုံမှာ ဖော်ရွေပျူငှာ၍၊ ယဉ်ကျေးသိမ်မွေ့၏။

နွေရာသီတွင် မြန်မာ့နှစ်သစ်ကူးချိန်ခါ ကျရောက်သဖြင့် သင်္ကြန်ပွဲတော်ရောက်လျှင် နိုင်ငံတော်တစ်ဝန်းလုံး ရေကစားကြ၏။ သင်္ကြန်ရေအေးအေးသည် ပြည်သူလူထု၏ မောပန်းနွမ်းနယ်မှုကို ပြေငြိမ်းစေ၏။ သင်္ကြန်အချိန်အခါတွင် လူကြီး၊ လူလတ်၊ လူငယ်များ လန်းဆန်းတက်ကြွလာတတ်သော သဘောရှိသည်။

ရှေးခေတ်က အမွှေးနံ့သာရည်တို့ဖြင့် ရေကစားခဲ့ကြသည်။ လူပျိုကာလသားများက မိန်းကလေးများကို ရေပက်လိုသော် မိဘများထံ ယဉ်ကျေးစွာခွင့်ပန်၍ အမွှေးနံ့သာရည်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ဣန္ဒြေမပျက် ပက်ဖျန်းခဲ့ကြသည်။ ရိုင်းပျသည့် အပြုအမူမျိုးအလျှင်းမရှိဟု လူကြီးများ ပြောဆိုချက်အရ သိရပါသည်။ ရိုးရာဓလေ့ဖြင့် ပျော်မွေ့ကြရာတွင် ယဉ်ကျေးသိမ်မွေ့ ဣန္ဒြေရသည်နှင့်အမျှ အပြစ်ကင်းစင်ကြ၊ ပြဿနာမဖြစ်ကြသည်ကများသည်။ သူတစ်ပါးအား ထိခိုက်နစ်နာစေမှုမျိုးလည်း မရှိသဖြင့် ယခုခေတ်လူငယ်များ အတုယူဖွယ်ရာ အလွန်ကောင်းလှသည်။

နှစ်သစ်ကူးမင်္ဂလာ သင်္ကြန်အခါတော်ပွဲ ဆင်နွှဲလေ့ရှိသည့် တန်ခူးလတွင် ရှင်ပြုပွဲ၊ ပဥ္စင်းခံပွဲများ အထူးများပြားတတ်သည်။ "တန်ခူးလကား– ငွေမိုးရေ ချိုချိုသောက်၊ ပိတောက်က ပင်ပေါ်မှာဝင်းထိန်လို့ဝါ"ဆိုသည့်အတိုင်း ပိတောက်ပင်များ ပင်လုံးကျွတ်ပွင့်ကာ ဝါထိန်နေသည့် အချိန်အခါဖြစ်သည်။ အဝါရောင် သင်္ကန်းဆင်မြန်းတော့မည့် မောင်ရှင်လောင်းများ၏ ရှင်လောင်းလှည့်ပွဲများမှာလည်း "ပိတောက်တွေ ရွှေဝါလူးတော့ ရှာဦးကညံ့စာစာ မောင်းဗုံကသာ"ဆိုသကဲ့သို့ ဆိုင်းသံ ဗုံသံများ တညံညံ ဖြစ်နေသည့်လအခါ ဖြစ်ပါသည်။ အမှန်ကိုဆိုရသော် တန်ခူးလတွင် ပိတောက်ပင်များပေါ်မှာလည်း ထိန်ထိန်ဝါ၊ ဘုရားရှေ့မှာလည်း ထိန်ထိန်ဝါ၊ အမျိုးသမီးများ ဦးခေါင်းမှာလည်း ထိန်ထိန်ဝါ၊ ဘုန်းကြီးကျောင်းတွေမှာလည်း ခါတိုင်း အချိန်ထက် ထိန်ထိန်ဝါနေသည်ဖြစ်၍ ဤတန်ခူးလသည် အဝါရောင်မြူးသည့် လတန်ခူးပင်ဖြစ်နေပါတော့သည်။

နွေဥတုဖြစ်၍ ပိတောက်ပန်းပွင့်၏ စိတြကြယ်ထွန်းလင်းသည်။ မိဿရာသီ နေ့ညရာသီသုံးဆယ်စီ၊ ပူးနှင့်ကျား ရက်ရာဇာ ကြွက်, နဂါး ပြဿဒါးဖြစ်၍ သုံးဖဝါးမွန်းတည့်သည့် နှစ်သစ်မို့ သင်္ကြန်မေတ္တာရေပက်ဖျန်းကြသည်။

တောင်သူလယ်သမားတို့အားကိုးရသော မိုးနှင့် ပတ်သက်၍ ဖက်ဆွတ်မိုးသည် ဖက်ကိုဆွတ်ခြွေပစ်သော မိုး၊ မြေထက်သို့ ကြွေသက်၍ ကျနေသော ဖက်ရွက်ခြောက်များကို ရေလုံးဖြင့် ရိုက်ခတ်ခြွေဆွတ်၍ ရေထဲမျှောလိုက်သော မိုးဟု ဆိုလိုသည်။

ဖက်–သနပ်ဖက်၊ အင်ဖက်၊ ပြောင်းဖူးဖက်၊ ငှက်ပျောဖက်စသော ဖက်အမျိုးမျိုး၊

ဆွတ်–ခူးသည်၊ ကြွေအောင်ပြုသည်၊ ခြွေသည်၊ ဆွတ်ခူးသည်၊ ခူးဆွတ်သည်၊ ဆွတ်ချူသည်၊

မိုး–ရွာသွန်းသောမိုး၊

ဈော်ရင့်ရွက်ဝါတို့သည် ဤတန်ခူးလအခါတွင် နွေဥတု၏ ခြွေမှုကြောင့် သစ်ပင်ထက်မှ မြေသို့ လျှောသက်ကြွေကျလာကြသည်။ ထိုအခါသစ်ပင်တို့၏ အောက်၌ ရွက်ခြောက် တို့သည် အမှိုက်သရိုက်ဖြစ်၍ စုပုံတည်နေကြသည်။

အဆိုပါရွက်ခြောက်တို့သည် တပေါင်း တန်ခူး၏ လေရူးတိုက်ခတ်မှုကြောင့် မြေပြင်အနှံ့လွင့်ပျံ့နေသည်။ ဤတန်ခူးလသည် သင်္ကြာရာဇ်ဦးခေါင်း ကူးပြောင်းတော့မည့်လဖြစ်ရာ နှစ်ဟောင်းမှ အညစ်အကြေးသည် နှစ်သစ်သို့ လိုက်ပါရန် မသင့်လျော်ပါ။

လူသားတို့ အနေအားဖြင့် နှစ်ဟောင်းမှ စွန်းထင်ပေကျံလာသော ဒုစရိုက်မှုအဖြစ် အညစ်အကြေးများကို အနာဂတ်နှစ်ဆန်းဘက်ဆီသို့ တတန်းလန်းလန်းနှင့် လိုက်ပါမလာစေရန်အတွက် သင်္ကြန်တွင်း အခါကြီးရက်ကြီးများတွင် ဥပုသ်သီလ သီတင်းဆောက်တည်ခြင်း ပြုလုပ်ကြသည်။ တတ်နိုင်သမျှ အလှူဒါန ပြုလုပ်ကြသည်။

ယခုနှစ်သင်္ကြန်ဆောင်းပါးကို ဦးသန့်စင်တေးထပ်ဖြင့် နိဂုံးချုပ်အပ်ပါသည်။

ဖက်ဆွတ်ခိုင် ဝေဖူးလို့
လေရူးက လာပြီ
ရွှေခူးလ ရာသီမှာ
အခါမီ ကရို့
မောင်ဖျားနှင့် နေနတ်နွယ်ငယ်
ရေသပ္ပာယ် သွားကြချေစို့
အခါလိုက် ပန်းရွှေဖီကို
နန်းဒေဝီ ဆင်လို့
ပန်းစေတီ ရင်ပြင်ကြို့ရအောင်
သဇင်မို့ မွှေ့ရာ
တူနှစ်ကိုယ် ယုံကြည်ကြတာဖြင့်
စုံညီပ ခင်းစို့ မာလာ
ပန်းရွှေပွင့် ဖဲပဝါ
ရဲဗလာရာကျနှင့်
ခါသမယ သင်္ကြန်မီ
လှမ်းစို့ကြည်ကြည်
စန်းမိဿ နွေရာသီမှာ
ရွှေရာဆီဆွတ်ဖျန်းလို့လေး။ ။

မုဒုံမြို့ ဘိုးဘွားရိပ်သာအတွင်း စောင့်ရှောက်ထားသောအဘိုးအဘွားများအတွက် ဧပြီ ၂ရက်က မုဒုံမြို့လမ်းမကြီးရပ် မြို့ဝင်လမ်းနေ (ဦးရွှေဆိုင်း– ဒေါ်စောတင်)တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုက အလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌဦးပိုးရီက လက်ခံယူစဉ်။
(မြို့နယ် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲဘုရားသုံးဆူမြို့နယ်၌ကျင်းပ

ဘုရားသုံးဆူ မတ် ၂၄

ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ ကို မတ် ၅ ရက်က ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ ရွာသစ်ကျေးရွာရှိ သစ်တောပျိုးဥယျာဉ်၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးလှမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများ တက်ရောက်စိုက်ပျိုးကြသည်။

ကြက်ဆူပင်စိုက်ပျိုးပွဲတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးလှမင်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမန်းတင်ထွန်းကြည်နှင့် မြို့နယ် စိုက်ပျိုးရေး လုပ်ငန်းတာဝန်ခံ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်သန်းရီတို့က ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင် စိုက်ပျိုးခြင်း နည်းပညာများကို ရှင်းလင်းပြောကြားကာ ကြက်ဆူပင်မျိုးစေ့နှင့် ပျိုးကိုင်းပင် ၂၀၀၀တို့ကို စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နတ်သျှင်နောင်စာကြည့်တိုက်သို့ သုတရသစာအုပ်များ လှူဒါန်း

ကောလင်း ဧပြီ ၇

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ကောလင်းမြို့နယ် ရှမ်းကလုံးအုပ်စု ရှမ်းကလုံးကျေးရွာ နတ်သျှင်နောင် စာကြည့်တိုက်သို့ ဒုတိယအကြိမ် သုတရသ မဂ္ဂဇင်းဂျာနယ်ကျပ်တစ်သိန်းဖိုးပေးအပ်လှူဒါန်းပွဲကို မတ်၃၀ရက်က ကောလင်းမြို့နယ်ရုံးခန်းတွင် ကျင်းပသည်။

စာအုပ်လှူဒါန်းပွဲတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းက မန္တလေးမြို့ ၂၉လမ်းနေ ဦးထွန်းအောင်ကျော်–ဒေါ်ခင်ငွေမိသားစု၏ ဒုတိယအကြိမ် လှူဒါန်းသော သုတရသစာအုပ် မဂ္ဂဇင်း၊ ဂျာနယ်လှူဒါန်းမှုကို အလှူရှင်များကိုယ်စား ကောလင်းမြို့ မြို့မရပ် ဦးတင်အောင်က သုတရသစာအုပ်၊ မဂ္ဂဇင်း ၁၇အုပ်နှင့် ဂျာနယ်၃၀၄စောင်ကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင်သို့လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ (၀၂၆)

သောက်သုံးရေများ လှူဒါန်းကုသိုလ်ပြု

ရေစကြို ဧပြီ ၄

မကွေးတိုင်း ရေစကြိုမြို့ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်တွင် မတ် ၂၇ ရက်မှ ၃၁ ရက်အထိ လူသုံးကုန်ပစ္စည်းမျိုးစုံ လျှော့ဈေးဖြင့် ရောင်းချပေးခြင်း၊ ရုံးဝန်ထမ်းများ၊ ဆရာ ဆရာမနှင့် ကျောင်းသူကျောင်းသားများ၊ ဈေးသူဈေးသားများသည် ရုံးများ၊ ကျောင်းများနှင့် ဈေးများတွင် သန့်ရှင်းရေးများ လုပ်ဆောင်ကြခြင်း၊ ဘုရား ပုထိုးကျောင်းကန်များသို့ သောက်ရေသုံးရေများ လှူဒါန်းကုသိုလ်ပြု ခြင်းများ ဆောင်ရွက်ကြသည်။ (၂၅၁)

ဖယ်ခုံမြို့ ရွှေဝါထွန်းကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက်က ကျင်းပရာ ရှမ်းပြည်နယ် (တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသက်မိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစောဒီးဒီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (နယ်စပ်/စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကလေးဝမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က မြို့နယ်အဖွဲ့ဝင်များအား ဝတ်စုံ ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၄ရက်က ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဦးမောင်ထွန်း(ဒုအရာခံဗိုလ်–ငြိမ်း)က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၃၆ဦးအား ဝတ်စုံတစ်စုံစီ ပေးအပ်ချီးမြှင့်စဉ်။ (၄၁၇)

မြိတ်မြို့ ကျက်သရေဆောင်လေးကျွန်းဆီမီးစေတီ၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၌ ရွှေခေါင်းလောင်းများ၊ ရွှေပြားများ၊ ရတနာပစ္စည်းများ လှူဒါန်းပူဇော်ပွဲကို မတ် ၁၃ ရက်က ကျင်းပရာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ စိန်ဖူးတော်၌ ရတနာပစ္စည်းများ လှူဒါန်းပူဇော်စဉ်။ (တိုင်း ပြန်/ဆက်)

ကျိုက်သလွံ့စေတီတော် ဘက်စုံပြုပြင်ရန် ဆက်သွယ်လှူဒါန်းနိုင်

မော်လမြိုင် ဧပြီ ၈

မော်လမြိုင်မြို့ရှိ သွားတော်ခတ်နှင့်ဆံတော်ရှင် သမိုင်းဝင်ကျိုက်သလွံ့စေတီတော်ပရဝဏ် အတွင်းအပြင် ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ တည်ဆောက်မှုလုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလွံ့စေတီတော်မြတ် ဖုန်း ၀၅၇-၂၁၃၃၄၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင် ဖုန်း ၀၅၇-၂၄၈၇၈ နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း ၀၅၇-၂၃၀၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**

သက်ကြီးရွယ်အိုများဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုကြည့်ရှု အလှူငွေ၊ အာဟာရမုန့်များနှင့် ဆေးဝါးများပေးအပ်လှူဒါန်း

မကွေး ဧပြီ ၅

မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စမ်းစမ်းမြင့်နှင့် အဖွဲ့ဝင်များသည် မတ် ၂၆ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသော ပွင့်ဖြူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သက်ကြီးရွယ်အိုများ ဆေးကုသမှုနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါသက်ကြီးရွယ်အိုကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းတွင် မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စမ်းစမ်းမြင့်နှင့် အဖွဲ့ဝင်များက အသက်(၇၀)ပြည့်နှင့်အထက် သက်ကြီး အဘိုး၊ အဘွား ၂၀ တို့အတွက်အလှူငွေ၊အာဟာရမုန့်များနှင့်ဆေးဝါးများကို လှူဒါန်းပြီး သက်ကြီးအဘိုး၊ အဘွား ၃၉ဦးအား အထူးကုဆရာဝန်ကြီးများက အထွေထွေရောဂါကုသပေးမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)**

တောင်ကြီးမြို့ ချာညိုလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (နယ်စပ်/စည်ပင်)

ကျောက်ဆည် မိခင်/ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီးငယ်များ စက်ချုပ်သင်တန်းဖွင့်

ကျောက်ဆည် ဧပြီ ၇

ကျောက်ဆည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အမျိုးသမီးငယ်များ စက်ချုပ်သင်တန်းအမှတ်စဉ် ၁/၂၀၀၆ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၄ ရက် နံနက် ၉ နာရီက အေးမြကြည်လင်ရပ်ကွက်ရှိ မြို့နယ်အသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းမေက အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ဝင်းကြည်က သင်တန်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မိခင်/ကလေး)**

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးပတ်လည်ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မတ် ၃၀ ရက်က ဒုတိယဦးစီးမှူး ဒေါ်တင်တင်မေ ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးအကျိုးဆောင်အဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးခင်ကျော်ကွင်းဆင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ဆေးတက္ကသိုလ်(မန္တလေး) ရေသန့်စက်ဆောက်လုပ်ရန် အလှူငွေလှူဒါန်း၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

မန္တလေး ဧပြီ ၈

ဆေးတက္ကသိုလ်(မန္တလေး)တွင် သောက်သုံးရေသန့်ရရှိရန် ရေသန့်စက်တည်ဆောက်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများလှူဒါန်းလျက်ရှိရာ ဧပြီ၄ရက် ညနေ ၄နာရီက ပါမောက္ခချုပ် ရုံးခန်း၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးတက္ကသိုလ်(၁) ဆေးပညာဌာန ပါမောက္ခ သမားတော်ကြီး ဒေါက်တာနေဝင်းနှင့် ဇနီးဒေါ်မေမေနွဲ့ မိသားစုက အလှူငွေကျပ်သုံးသိန်းကိုလှူဒါန်းရာ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာကျော်လှနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက လက်ခံရယူပြီး အလှူရှင်အား ဂုဏ်ပြု မှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ ရေသန့်စက် တည်ဆောက်ပြီးစီးရေးအတွက် လှူဒါန်းလိုသော အလှူရှင်များသည် ဆေးတက္ကသိုလ်(မန္တလေး)၊ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကျော်လှ ဖုန်း-၀၂-၃၆၆၃၄၊ ၃၆၆၃၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဆေးတက္ကသိုလ်)**

အနယ်နယ်အရပ်ရပ်

အတ်ဖိုမြို့နယ် ကျေးရွာချင်းဆက်ဂဝံလမ်းသစ်ဖွင့်

အုတ်ဖို ဧပြီ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် တင်ဆိပ်ကျေးရွာအုပ်စု ကျေးလက်ဒေသဖွံ့ဖြိုးရေး ကဝေစု ကျေးရွာနှင့် အညာတန်းကျေးရွာချင်းဆက် ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ရက်က အဆိုပါကျေးလက်လမ်းမုခ်ဦး၌ ကျင်းပသည်။

ထို့နောက် ကဝေစု-အညာတန်း ကျေးရွာချင်းဆက်ဂဝံလမ်းသစ်ကို ပဲခူးတိုင်း(အနောက်ပိုင်း) တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးရန်မျိုးအောင်သိန်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကဝေစု-အညာတန်း ကျေးရွာချင်းဆက်ဂဝံလမ်းသည်ထောက်ပံ့ငွေကျပ်ငါးသိန်း၊ ကျေးလက်ပြည်သူများထည့်ဝင်ငွေ ကျပ် ၁၀သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တံခါးမြို့၌ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ကျောက်တံခါး ဧပြီ ၂

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ခြံစည်းရိုး ကြက်ဆူပင်ပျိုးကိုင်းများ ပျိုးထောင် စိုက်ပျိုးခြင်း၊ ပျိုးအိတ်များ မြေဆွေးထည့်ခြင်း လုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မတ်၁၅ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်းက ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

12-4 (16).p65 1 1/13/32, 3:06 PM



စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ထောက်ပံ့ငွေပေးအပ်

ကသာ ဧပြီ ၃

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက ကသာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်က အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီး ခင်မောင်ညွန့်(ငြိမ်း)က ထောက်ပံ့ငွေ ပေးအပ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းတင်ပြကာ စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၂၈၄ ဦးတို့အား ခရိုင်ဥက္ကဋ္ဌ က ငွေကျပ် ငါးသိန်းခြောက်သောင်း ရှစ်ထောင်ကို ချီးမြှင့်ထောက်ပံ့သည်။**(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

ရွှေလပြည့်စေတီတော် အုတ်မြစ်တော်စီပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းရှူး ရတနာမြေ တောင်ပေါ်လျှမ်းပြည် ကျောင်းတိုက် ရွှေလရောင်၊ ရွှေလဝန်း၊ ရွှေလပြည့်စေတီတော် သုံးဆူအား အုတ်မြစ်တော်စီ မင်္ဂလာပွဲအခမ်းအနားကို ဧပြီ၄ရက် မွန်းလွဲ ၁၂နာရီခွဲက သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန အမှတ်(၁) ထေရဝါဒဗုဒ္ဓ သာသနာပြုကျောင်း လျှမ်းပြည်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

စေတီတော်များ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သာသနာရေးရာ အကျိုးဆောင်အဖွဲ့များနှင့် တိုင်းရင်းသားများတက်ရောက်ကြပြီး အုတ်မြစ်တော်စီပွဲ အခမ်းအနားကို မွန်းလွဲ ၁နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သိရသည်။ **(က-ပ)**

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် ဧပြီ ၁၁

မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊နယ်လှည့်ဓမ္မကထိက) သည် ဧပြီ၁၄ရက်တွင် ရန်ကုန်တိုင်း ခရမ်းမြို့ အမှတ်(၅)ရပ်ကွက် ကြာသပတေးလမ်းဓမ္မသဘင်၌ ည၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

တရားပွဲ ပင့်လျှောက်လိုသူများ ရန်ကုန်တိုင်းလှိုင်မြို့နယ် ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၈ လိုင်းခွဲ၈၁သို့ ပင့်လျှောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

သင်္ကြန်တွင်း လယ်တီမူဝိပဿနာ တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

ဗဟန်းမြို့နယ် ဆရာစံလမ်း ပရိယတ္တိသဒ္ဓမ္မာရုံ ကျောင်းတိုက် လွတ်လပ်ရေးကျောင်း၌ သင်္ကြန်တွင်း ဧပြီ ၁၃ရက်မှ၁၉ရက်အထိ ခုနစ်ရက် တရား စခန်းဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီတို့သည် ပဓာနနာယက ဆရာတော်ထံသို့ လည်းကောင်း၊ အကျိုးဆောင်အဖွဲ့သို့ လည်းကောင်း စာရင်းပေးသွင်းနိုင်ပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုရည်များ လှူဒါန်းလိုပါက ဖုန်း- ၇၀၅၄၁၆သို့ ဆက်သွယ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ကုန်းဈေးအထက အာစရိယပူဇော်ပွဲ

ပွင့်ဖြူ ဧပြီ ၅

မကွေးတိုင်း ပွင့်ဖြူမြို့နယ် ကုန်း ဈေး အထကကျောင်း၏ စာသင် နှစ်အလိုက် ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ၂၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ကုန်းဈေး အထကရှိ ပတ္တမြား သီရိဆောင် ခန်းမတွင် ကျင်းပမည် ဖြစ်ရာ အလှူငွေများ ထည့်ဝင်လှူဒါန်း လိုပါက မတျာ(ခ)မွန်မွန် ဖုန်း- ၀၆၅-၁၀၈၀၆၅နှင့် ၀၆၅-၀၁- ၅၀၂၀ တို့သို့ ဆက်သွယ် လှူဒါန်း နိုင်ကြောင်း သိရသည်။(က-ပ)

မိုင်းခုတ်မြို့ စပယ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

မိုင်းခုတ် ဧပြီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ စပယ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ်၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးသက်ပုံက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ခံ ဦးဟန်ဝင်းအောင်က လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လမ်းသစ်ကို အုပ်ချုပ်ရေးမှူးဦးသိန်းဇော်ဦးနှင့် တာဝန်ခံ ဦးဟန်ဝင်းအောင်တို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးသက်ပုံနှင့်အဖွဲ့သည်လမ်းသစ်ကိုကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၆၆၀၊အကျယ်၁၂ ပေရှိပြီး ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖြူးမဟာစည် တရားပွဲများ

ရန်ကုန် ဧပြီ ၁၁

သာသနဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ အရှင်မြတ် ဦးစီးတည်ထောင်ဖွင့်လှစ်သော သင်္ကြန်တွင်းကာလ ဧပြီ ၁၂ရက်မှ ၂၁ရက်အထိ ကျင်းပမည့် ဝိပဿနာတရားစခန်း၌ မိဘကျေးဇူးဆပ် အထူးတရားပွဲများကို ဧပြီ ၁၆ရက်တွင် ဘဒ္ဒန္တ နန္ဒောဘာသာဘိဝံသ (ကျိုက်ထို ဆရာတော်)၊ ၁၇ရက်တွင် အရှင် ကုန္ဒက(တွံတေးဆရာတော်)၊ ၁၈ရက်တွင် ဘဒ္ဒန္တနရပတိ(ဖြူးဆရာတော်)၊ ၁၉ရက်တွင် ဘဒ္ဒန္တဇာဂရာဘိဝံသ (ကလေးဝဆရာတော်)၊ ၂၀ရက်တွင် ဒေါက်တာအရှင် ကောဝိဒ(မန္တလေးမဂုဏ်ရည်ဆရာတော်)တို့က ညစဉ် ၇နာရီတွင် တရားတော်များ ဟောကြားကြမည်ဖြစ်သည်။

တရားနာလိုသူဓမ္မ မိတ်ဆွေများသည် ဖြူးမဟာစည် သာသနာ့ရိပ်သာ အမှတ်(၅)ရပ်ကွက် ကမာရွတ်ဘူတာရုံအနီး လှိုင်မြို့နယ်သို့ လာရောက်တရားတော်နာနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခေါင်လန်ဖူး၌ စုပေါင်းသန့်ရှင်း

ခေါင်လန်ဖူး ဧပြီ ၂

ခေါင်လန်ဖူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ခေါင်လန်ဖူးမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မတ်၁၀ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဂျေယော်ယံဆဲက ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။

(ပြည်နယ် စည်ပင်)

နိုင်ငံတော်ကြီးကို အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နေ တပ်မတော်သားများ၊ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမ၌ ဗထူးတပ်နယ်ရှိ တပ်မတော်အရာရှိကြီးများ၊ ဗထူးတပ်မြို့ရှိ တပ်မတော်သင်တန်းကျောင်းများမှ သန္ဓေနှင့် သင်တန်းသား တပ်မတော်အရာရှိများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက် ၈ နာရီတွင် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမ၌ ဗထူးတပ်နယ်ရှိ တပ်မတော်အရာရှိကြီးများ၊ ဗထူးတပ်မြို့ရှိ တပ်မတော်သင်တန်းကျောင်းများမှ သန္ဓေနှင့် သင်တန်းသား တပ်မတော်အရာရှိများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၅ ■

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၉) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၁၁

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် ည ၆ နာရီခွဲတွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၄ ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲတွင် သင်တန်းဆင်း အရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်ကာလအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၁၁

၁၃၆၇ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၃ရက်(မဟာသင်္ကြန်အကြိုနေ့)၊ ဧပြီ ၁၄ ရက်(မဟာသင်္ကြန်အကျနေ့)နှင့် ဧပြီ ၁၅ရက်(မဟာသင်္ကြန်အကြတ်နေ့)တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည် ဖြစ်သည်။

ဧပြီ ၁၆ရက်(မဟာသင်္ကြန်အတက်နေ့)၊ ဧပြီ ၁၇ရက် (၁၃၆၈ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့)နှင့် ဧပြီ ၁၈ ရက်နေ့တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာ နားမည်ဖြစ်သည်။

(သတင်းစဉ်)